ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၃ ရက်၊ တနင်္လာနေ့၊ (11-4-2005) (၄၅၆၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံနန်းမြင့်မျှော်စင်ဖွင့်ပွဲ တက်ရောက်ချီးမြှင့် ပုဂံနန်းမြင့်မျှော်စင်အနီး တွဲဖက်တည်ဆောက်နေသော ဟိုတယ်စီမံကိန်းလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြ သည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့မှ မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး လေဆိပ်သို့ လေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ပုဂံ-ညောင်ဦးလေဆိပ်တွင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ကျောက်ပန်းတောင်းတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်း၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက ကြိုဆို ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် Htoo Trading Co., Ltd. ၏ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ ပုဂံနန်းမြင့်မျှော်စင်နှင့် ဟိုတယ်တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုနှင့်အညီ ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေ၌ ပုဂံနန်းမြင့်မျှော်စင်တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်း တင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ ပုဂံနန်းမြင့်မျှော်စင် ၁၀ ထပ်မှ ပုဂံရှုခင်းနှင့် ပုဂံနန်းမြင့်မျှော်စင်အနီး တည်ဆောက်လျက်ရှိသည့် ဟိုတယ်စီမံကိန်း အဆောက်အအုံများကို ကြည့်ရှုကြစဉ် (အပေါ်ပုံ)**နှင့် ပုဂံနန်းမြင့်မျှော်စင်ကို တွေ့ရစဉ်။** (ဝဲပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၁-၄-၂၀၀၅
(တနင်္လာနေ့)

မြန်မာနှင့်လာအို ချစ်ကြည်ရင်းနှီးမှုမြှင့်တင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးတက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ လည်းကောင်း၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့လည်းကောင်း ဧပြီလ ၆ ရက်နေ့မှ ဧပြီလ ၉ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။

ချစ်ကြည်ရေး ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီလ ၆ ရက်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသို့ ရောက်ရှိစဉ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ သမ္မတမစ္စတာခန်တေးဆီဖန်ဒုံတို့နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်တို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက **မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့် စာနာနားလည်မှုတို့ကို အခြေခံသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ဆက်လက် ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် လည်ပတ်မှုများကြောင့် ပိုမိုခိုင်မာတည်တံ့ခဲ့ပါကြောင်း၊ ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMECS)အရ နှစ်နိုင်ငံချင်းနှင့်ဘုံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးများတွင် အောင်မြင်စွာ အကောင် အထည်ဖော်လျက်ရှိသည်ကို ဝမ်းမြောက်စွာတွေ့ရပါကြောင်း** ပြောကြားသည်။

လာအိုဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်က **မြန်မာနိုင်ငံသည် လာအိုနိုင်ငံ၏ အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနှင့်လာအို နယ်စပ်ဒေသသည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေသည်ကို တွေ့ရပါကြောင်း၊ နှစ်ဖက်ဒေသဆိုင်ရာ တာဝန်ရှိသူများ၏ ကြိုးပမ်းမှုကြောင့် နယ်စပ်ဒေသတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ခဲ့ပါကြောင်း** ပြောကြားသည်။

ထို့အတူ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံတို့ တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက **နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးကို မြှင့်တင်နေခြင်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိပါကြောင်း၊ ချမှတ်ခဲ့သည့် နိုင်ငံတော်၏ မူဝါဒလမ်းစဉ်(၇)ရပ်ကို အောင်မြင်သည်အထိ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း** ပြောကြားပြီး မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဖြစ်ပေါ်တိုးတက်မှု အခြေအနေကို ရှင်းလင်းပြောကြားခဲ့သည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာခမ်တေးဆီဖန်ဒုံက **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကို သိရှိရပါကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေခြင်းနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အောင်မြင်စွာ ကျင်းပခဲ့ခြင်းများအတွက် ဝမ်းမြောက်ပါကြောင်း၊ လာအိုအစိုးရနှင့်ပြည်သူများက မြန်မာနိုင်ငံအား အမြဲထောက်ခံမှုပေးမည်ဖြစ်ပါကြောင်း၊ ပြည်ပအဖျက်သမားများ၏ စွပ်စွဲချက်များ၊ ဖိအားပေးမှုများကို ဂရုမပြုဘဲ နိုင်ငံတိုးတက်ရေးအတွက်သာ အားစိုက်ရန်လိုပါကြောင်း** ပြောကြားသွားသည်။

မြန်မာနိုင်ငံနှင့် လာအိုနိုင်ငံတို့သည် ၁၉၉၇ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများဖြစ်ခဲ့ကြပြီး အာဆီယံ၏ ရည်ရွယ်ချက်များနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များမှတစ်ဆင့် ဒေသတွင်းစီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု တိုးတက်ဖြစ်ပေါ်ရေးလုပ်ငန်းများ၌ ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေကြသည်။

ထို့အပြင် မြန်မာနှင့်လာအို နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီး သွားရောက်ကြခြင်းဖြင့် ရင်းနှီးမှုနှင့် ချစ်ကြည်မှုတို့ကို ပိုမိုတိုးတက်ခိုင်မြဲအောင် တည်ဆောက်နိုင်ခဲ့ကြသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ လာအိုနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာနှင့်လာအို နှစ်နိုင်ငံတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းစဉ်များကိုလည်း ပိုမိုတိုးတက်ဖြစ်ထွန်းစေမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုများ တိုင်းမှူးနှင့် မြို့တော်ဝန် ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများနှင့် လူသွားစင်္ကြံများ အဆင့်မြှင့်တင် ခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ရန်ကုန်မြို့တော်သန့်ရှင်းလှပရေး၊ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများနှင့်လူသွားစင်္ကြံများ အဆင့်မြှင့်တင်ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းသို့ ရောက်ရှိလာပြီး ဓမ္မစေတီလမ်း လမ်းဘေးရေနုတ်မြောင်း တစ်လျှောက် အမှိုက်၊ ရွှံ့နှင့်နုန်းများ ဆယ်ယူ ရှင်းလင်းလျက်ရှိသည့် လမ်းတစ်လျှောက် အမှိုက်နှင့် ချုံနွယ်များ ခုတ်ထွင် ရှင်းလင်းလျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ တာမွေမြို့နယ် ဗညားဒလလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေးဝဲ၊ ယာ တစ်လျှောက် ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းနှင့် လေးထောင့်ကန် လမ်းဆုံအနီး လမ်းဖြတ်ရေနုတ်မြောင်း တစ်လျှောက် ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စည်ပင်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီး လမ်းဆုံအနီးနှင့် စည်ပင်လမ်းတစ်လျှောက် လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ ခေတ်မီ သန့်ရှင်းသာယာလှပသည့် မြို့တော်ကြီး ဖြစ်လာစေရေးအတွက် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း ခင်းကျင်းပြီးသည့် လမ်းများနှင့် လူသွားစင်္ကြံများ ရေရှည်ခိုင်ခံ့စွာ အသုံးပြုနိုင်ရေးနှင့် မိမိနေထိုင်သွားလာရာ ပတ်ဝန်းကျင် အစဉ်သန့်ရှင်းသာယာလှပနေစေရေး ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။ (သတင်းစဉ်)

သစ်အခြေခံစက်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ သစ်အခြေခံစက်မှုနည်းပညာ သင်တန်း အပတ်စဉ်(၁/၂)ဆင်းပွဲ အခမ်းအနားကို ဧပြီ ၈ ရက် နံနက် ၉ နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သစ်အခြေခံ စက်မှုနည်းပညာသင်တန်းဌာန ကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းအကြောင်း ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ သစ်လုံးအတန်းအစား ခွဲခြားခြင်းနှင့် သစ်ခွဲစိတ်ခြင်း သင်တန်းအတွေ့အကြုံကို သင်တန်းသားတစ်ဦးကလည်းကောင်း၊ လွှ၊ ရွှေဘော်၊ စူး၊ ဆောက်များ ပြုပြင်မွမ်းမံထိန်းသိမ်းရေးသင်တန်းအတွေ့အကြုံကို သင်တန်းသားတစ်ဦးကလည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးထိန်ဝင်းက ကျောင်း အုပ်ကြီး ဦးကောင်းရင်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ယင်းနောက် စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေက သင်တန်းတွင် သင်ကြားပို့ချခဲ့သော သင်တန်းဆရာများအား ဂုဏ်ပြု မှတ်တမ်းလွှာများကိုလည်းကောင်း၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက သစ်လုံးအတန်းအစား ခွဲခြားခြင်းနှင့် သစ်ခွဲစိတ်ခြင်းသင်တန်းမှ ထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုများကိုလည်းကောင်း၊ သစ်တော ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က လွှ၊ ရွှေဘော်၊ စူး၊ ဆောက်များ ပြုပြင်မွမ်းမံထိန်းသိမ်းရေး သင်တန်းထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယ ရရှိသူများအား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ သင်တန်းကျောင်း ကြီးကြပ်ရေးကော်မတီဝင် ဦးစိန်လွင်က သင်တန်းဆင်းလက်မှတ်များကိုပေးအပ်သည်။(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဧပြီလ (၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၀၈၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

နိုင်ငံရေးတွင် ညင်သာစွာအသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ မူဝါဒလမ်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်တိုးတက်မှုများ ရရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ယုံကြည်ရသောမိတ်ဆွေနိုင်ငံအဖြစ်မှတ်ယူထား လက်ရှိဆက်ဆံရေးနှင့် အနာဂတ်ဆက်ဆံရေးတို့ကို ကဏ္ဍသစ်အဖြစ်တိုးမြှင့်ရန် ဆန္ဒရှိ

ဗီယက်နမ်သမ္မတ Mr. Tran Duc Luong

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၇ရက် ညနေ ၃နာရီ ၄၅မိနစ်တွင် ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမသို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong အား တွေ့ဆုံနှုတ်ဆက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr.Tran Duc Luong အား ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်ဧည့်ခန်းမသို့ သွားရောက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong နှင့်အတူ သမ္မတရုံးဥက္ကဋ္ဌ မစ္စတာငုယင်ဗင်ချိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လေကုန်ဖုန်နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ကိုယ့်အားကိုယ်ကိုး

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ယခုခရီးစဉ် လာရောက်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ လှိုက်လှဲစွာ ကြိုဆို၍ ဝမ်းမြောက်မိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင်မြင်နေသည်ကို ချီးကျူးပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဘက်စုံ ကဏ္ဍစုံမှ ကိုယ့်အားကိုယ်ကိုး ကြိုးစားပြီး အောင်မြင်နေပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ Mr. Tran Duc Luong အား ဟနွိုင်းမြို့ရှိ သမ္မတနန်းတော် ဧည့်ခန်းမသို့ သွားရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

စီးပွားရေးတွင် ဗဟိုမှချုပ်ကိုင်သော စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ပြောင်းလဲဆောင်ရွက်နေပါကြောင်း၊ အထူးသဖြင့် ပို့ကုန်သွင်းကုန်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်များပေးထားပါကြောင်း၊ တိုင်းပြည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပုဂ္ဂလိကနှင့် သမဝါယမပိုင်ဆိုင်မှုသည် အဓိကပါဝင်နေကြောင်း၊ စီးပွားရေး အခြေခံတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ လူမှုရေး အခြေခံအဆောက်အအုံများလည်း တိုးတက်အောင် ဆောင်ရွက်နေပါကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံရေးတွင်လည်း ညင်သာစွာ အသွင်ကူးပြောင်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒလမ်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်တိုးတက်မှုများ ရရှိပါကြောင်း၊ အမျိုးသားညီလာခံ ကျင်းပနေပြီး ဗဟိုအစိုးရ၊ ပြည်နယ်နှင့်တိုင်းအကြား အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေနိုင်ရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နေပါကြောင်း၊ ပြည်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုသည် အရေးကြီးသည်ဟု ခံယူပါကြောင်း၊ ပြင်ပမှ နည်းလမ်းအမျိုးမျိုးဖြင့် အနှောင့်အယှက်ပေးနေခြင်းမပြုလျှင် တိုးတက်မှုမြန်ဆန်လာမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှ မိတ်ဆွေရင်း ဗီယက်နမ်နိုင်ငံကဲ့သို့ နိုင်ငံများက မိမိတို့နိုင်ငံအပေါ် နားလည်မှု ထားရှိကြပါကြောင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

စာမျက်နှာ ၁၃ ကော်လံ ၆ သို့ ☆

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက်ပိုင်း အမေရိကန်နှင့် တူရကီဆက်ဆံရေးတင်းမာ

ဝါရှင်တန် ဧပြီ ၉

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့သည့် နောက်ပိုင်းမှအစပြု၍ အမေရိကန်နှင့် အပေါင်းပါ တူရကီနိုင်ငံ၏ ဆက်ဆံရေးသည် အေးတိအေးစက်ဖြစ်လျက် ရှိနေသည်။ ယင်းအချိန်တွင် အီရတ်သမ္မတအဖြစ် ကာ့ဒ်လူမျိုး ခေါင်းဆောင်အား ရွေးကောက်တင်မြှောက်မှုကြောင့် အမေရိကန်နှင့် တူရကီနိုင်ငံတို့၏ ဆက်ဆံရေးတင်းမာမှု ရှိ၊ မရှိနှင့်ပတ်သက်၍ ပြောကြားရန် စောလွန်းသေးကြောင်း ပိုင်းခြားလေ့လာသူများက ဆိုသည်။

အီရတ်ကြားဖြတ် အမျိုးသားလွှတ်တော်က ကာ့ဒ်လူမျိုး ခေါင်းဆောင် တာလီဘာနီအား အီရတ်သမ္မတ အဖြစ် ဗုဒ္ဓဟူးနေ့က ရွေးကောက်တင်မြှောက်ခဲ့သည်။ တူရကီနိုင်ငံက အီရတ်နိုင်ငံ မြောက်ပိုင်းဒေသနှင့် တူရကီနိုင်ငံရှိ ကာ့ဒ်လူမျိုးစုငယ်များဖြင့် ဆက်ဆံမှု တင်းမာလျက်ရှိသည်မှာ ဆယ်စုနှစ်များအထိ ကြာမြင့်ခဲ့ပြီဖြစ်သည်။

ပိုမိုခက်ခဲ

ကာ့ဒ်လူမျိုးများအနေဖြင့် တူရကီနိုင်ငံနှင့်ပတ်သက်၍ အကြံအစည်မရှိကြောင်း တာလီဘာနီက ထုတ်ဖော်ပြောကြားသည်။ ယင်းဒေသတွင် ကာ့ဒ်လူမျိုးစုငယ် ၁၅ သန်းခန့် နေထိုင်ကြသည်။ တူရကီနိုင်ငံရှိ ကာ့ဒ်လူမျိုးများအပေါ် တာလီဘာနီ၏ ကရုဏာထားရှိမှုနှင့်ပတ်သက်၍ တူရကီအစိုးရက သက်သာမကင်း ဖြစ်လျက်ရှိသည်။ ထိုအခြေအနေများကြောင့် တူရကီနှင့် အီရတ်အစိုးရသစ်တို့၏ အနာဂတ် ဆက်ဆံရေးသည် တည်ငြိမ်နိုင်မည် မဟုတ်ဟု တူရကီက ထင်မြင်လျက်ရှိသည်။ အီရတ်နိုင်ငံနှင့် ဆက်ဆံရေး ပိုမိုတည်ငြိမ်မှုမရှိလေလေ တူရကီနှင့် အမေရိကန်တို့၏ ဆက်ဆံရေးသည်လည်း ပိုမိုခက်ခဲလေလေပင် ဖြစ်မည်။

တူရကီနိုင်ငံသားတို့က ယင်းပြဿနာအား အကောင်းဘက်မှ ရှုမြင်ကြမည်ဖြစ်ကြောင်း မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး တူရကီဆိုင်ရာ စီမံကိန်းဌာန ညွှန်ကြားရေးမှူး အလီရီဇာက ပြောကြားသည်။ ယင်းလုပ်ငန်းစဉ်သည် ရှုပ်ထွေးလှကြောင်း၊ ပွင့်ပွင့်လင်းလင်းဆိုရပါက အမေရိကန်အစိုးရက အီရတ်နိုင်ငံတွင်း ဖြစ်ပျက်သမျှကိုသာ ကြည့်ရှုနေခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင်အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် အင်္ဂါနေ့က သေဆုံးသွားခဲ့ကြောင်း အမေရိကန် စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

၎င်းတပ်ဖွဲ့ဝင်သည် ဘဂ္ဂဒက်အထူး တပ်ဖွဲ့ဝင်ဖြစ်ပြီး ၎င်းစီးနင်းလိုက်ပါခဲ့သည့် ကင်းလှည့်ယာဉ်သည် လက်လုပ်ဗုံးနင်းမိကာ အီရတ်ဆန့်ကျင်ရေး တပ်ဖွဲ့များက လက်နက်ငယ်များဖြင့် ဧပြီ ၅ ရက်က တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းကိစ္စအား သေဆုံးသူ၏ဆွေမျိုးများထံ အကြောင်းကြားထားသဖြင့် ၎င်း၏ နာမည်ကို ထုတ်ဖော် ပြောကြားမှု မရှိသေးပေ။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်တိုက်ခိုက်ပြီးနောက် အီရတ် တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၅၄၅ ဦးရှိပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ အယ်လ်ဟက်လန်နီယာမြို့အနီးတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို ဧပြီ ၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၌ပစ်ခတ်မှုဖြစ်ပွား လူနှစ်ဦးသေဆုံး၊ လူအများဒဏ်ရာရရှိ

ဝါရှင်တန် ဧပြီ ၉

အမေရိကန် ပြည်ထောင်စုတွင် ကြာသပတေးနေ့က ပစ်ခတ်မှုများ သီးခြားနေရာများတွင် ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး အခြားလူအများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မီဒီယာသတင်းများအရ သိရသည်။

လော်ရယ်နှင့် ဒဲလဝါဒေသတို့တွင် အယ်လ်နော်မန်ဆိုသူက လူတစ်ဦးကို ပစ်သတ်ခဲ့ပြီးနှစ်ဦးအား ထိခိုက်ဒဏ်ရာ ရရှိစေခဲ့သည်။

၎င်းက အနီးအပါးဒေသရှိ ဆလစ္စဘာရီ၊ မေရီလင်ဒေသတို့တွင် ပစ်ခတ်မှုများ ဆက်လက်၍ ပြုလုပ်ခဲ့ခြင်းကြောင့် လူတစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြန်သည်။ နောက်ဆုံးတွင် ရဲက ၎င်းအား ဖမ်းဆီးလိုက်သည်။

အယ်လ်နော်မန်သည် လူသတ်မှု၊ လက်နက်ဥပဒေ ချိုးဖောက်မှုတို့ဖြင့် တရားစွဲခံထားရသူ တစ်ဦးဖြစ်သည်။

ကြာသပတေးနေ့ကလည်း အထက်တန်းကျောင်း ဘောလုံးသမားတစ်ဦး၏ ဖခင်က နည်းပြဆရာတစ်ဦးကို ရိုင်ဖယ်သေနတ်ဖြင့် တက္ကဆက်ပြည်နယ် ကန်တွန်ဒေသတွင် ပစ်ခတ်ခဲ့ရာ ထိခိုက်ဒဏ်ရာရရှိမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့က ယင်းဖြစ်ရပ်အား စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြာသပတေးဂြိုဟ်ကို ယခုလအတွင်းမြင်တွေ့နိုင်မည်

ဗန်ကောက် ဧပြီ ၉

ထိုင်းပြည်သူများအနေဖြင့် နေစကြဝဠာတွင် အကြီးဆုံးဖြစ်သည့် ကြာသပတေးဂြိုဟ်ကြီးကို ပစ္စည်းကိရိယာ အကူအညီမပါဘဲ သာမန်မျက်စိဖြင့် ယခုလတစ်လျှောက်လုံး ကြည့်ရှုနိုင်ခွင့်ရရှိမည်ဖြစ်သည်။

ထိုင်းပြည်သူများအနေဖြင့် ညဘက်တွင် ရာသီဥတုကောင်းမွန်ပြီး မိုးလေကင်းစင်ပါက ဧပြီလ တစ်လျှောက်လုံး သာမန်မျက်စိဖြင့် အရှေ့ဘက်အရပ်တွင် ကြည့်ရှုခြင်းဖြင့် ကောင်းကင်ထက်မှ ထွန်းလင်း တောက်ပဆုံးသော ကြယ်ကြီးဖြစ်သည့် ကြာသပတေးဂြိုဟ်ကို ကြည့်ရှုလေ့လာနိုင်ခွင့် ရရှိမည်ဖြစ်ကြောင်း ထိုင်းနက္ခတ္တဗေဒအသင်း အထွေထွေအတွင်းရေးမှူးချုပ် ဗီရာပေါင်၏ ပြောကြားချက်အား ကိုးကား၍ ထိုင်းသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြလိုက်သည်။

အဆ ၃၁၈ ဆ ကြီးမား

ထိုင်းပြည်သူများသည် ကြာသပတေးဂြိုဟ်ကို ဧပြီ ၄ ရက်တွင် အထွန်းလင်းတောက်ပဆုံး တွေ့မြင်နိုင်မည်ဟု ၎င်းက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။ ကြာသပတေးဂြိုဟ်သည် နေမှ ပဥ္စမမြောက် ဂြိုဟ်ကြီးဖြစ်ပြီး အရွယ်အစားကြီးမားကာ ကမ္ဘာထက် အဆ ၃၁၈ ဆ ပိုမိုကြီးမားသည်။

နေ၊ လနှင့် သောကြာဂြိုဟ်တို့ပြီးပါက ကြာသပတေးဂြိုဟ်သည် ကောင်းကင်ထက်တွင် စတုတ္ထမြောက် တောက်ပထွန်းလင်းဆုံးသော ဂြိုဟ်ကြီး ဖြစ်သည်။ ထိုင်းပြည်သူများအနေဖြင့် သောကြာဂြိုဟ်ကို ၂၀၁၂ ခုနှစ်အလယ်ပိုင်းတွင်လည်း တွေ့မြင်နိုင်မည်ဟု ဗီရာပေါင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘန်ဒေါင်းညီလာခံ ရွှေရတုသဘင်အခမ်းအနားကျင်းပစဉ် ဒေသဆိုင်ရာ လေဆိပ်အသုံးပြုမှုကို ကန့်သတ်ထားမည်

ဂျကာတာ ဧပြီ ၉

အာရှ-အာဖရိကကွန်ဖရင့် (ဘန်ဒေါင်းညီလာခံ) ကျင်းပခဲ့သည့် နှစ် (၅၀)ပြည့် ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားများကျင်းပမည့် အနောက်ဂျဗားဒေသ ဘန်ဒေါင်းမြို့ရှိလေဆိပ်၌ ကူးသန်းရောင်းဝယ်ရေး လေကြောင်းခရီးစဉ်များအားလုံးကို ဧပြီ ၂၇ ရက်တွင် ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဧပြီ ၂၇ ရက်တွင် ဘန်ဒေါင်းရှိ လေဆိပ်ကို အင်ဒိုနီးရှားသမ္မတနှင့် ဒုတိယသမ္မတတို့အပါအဝင် ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများ စီးနင်းလိုက်ပါလာမည့် လေယာဉ်ရှစ်စင်း ဆင်းတက် ရပ်နားနိုင်ရန် အသုံးပြုမည်ဖြစ်ကြောင်း အနောက်ဂျဗားပြည်နယ် ဒုတိယ အုပ်ချုပ်ရေးမှူး နူမန်အဗ္ဗဒူလ်ဟာဆင်၏ ပြောကြားချက်ကို ကိုးကားလျက် ဂျကာတာပို့စ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

ဘန်ဒေါင်းညီလာခံ ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည့် နိုင်ငံများမှ အထက်တန်းတာဝန်ရှိသူများ အပါအဝင် ဧည့်သည်တော် ၁၈၉ ဦးကို သယ်ဆောင်ပေးရန် ဘိုးအင်း ၇၃၇-၂၀၀ အမျိုးအစား လေယာဉ် ခြောက်စင်းကိုလည်းကောင်း၊ အင်ဒိုနီးရှားသမ္မတ ဆူစီလိုဘမ်ဘန်းယုဒိုယိုနိုနှင့် ဒုတိယသမ္မတ ယူဆွတ်ဖ်ကယ်လာတို့ စီးနင်းလိုက်ပါရန် ဘိုးအင်း လေယာဉ် နှစ်စင်းကိုလည်းကောင်း အသုံးပြုမည်ဖြစ်သည်ဟု ဆို၏။

ဘန်ဒေါင်းညီလာခံ ရွှေရတုသဘင် အထိမ်းအမှတ် အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲ ၅၅ ဦး ထက်မနည်းနှင့် နိုင်ငံပေါင်း ၁၀၅ နိုင်ငံမှ ကိုယ်စားလှယ်တော်များ တက်ရောက်မည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နှင့်အိန္ဒိယစီးပွားရေးမြင့်မားတိုးတက်လာမှု ဒေသဖွံ့ဖြိုးရေးနှင့် ကြွယ်ဝရေးအတွက် ထောက်ကူမည်

စင်ကာပူ ဧပြီ ၉

စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာသော တရုတ်နှင့် အိန္ဒိယနိုင်ငံတို့သည် လာမည့် ဆယ်စုနှစ်တာကာလများတွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် တိုးတက် ကြွယ်ဝမှုတို့အတွက် အထောက်အကူပေးမည် ဖြစ်ကြောင်း စင်ကာပူ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဝန်ကြီး လင်းညံခိုင်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဆွဲဆောင်နိုင်

တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ မြို့ကြီးများသည် ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာတိုးတက်မှုတို့အတွက် ကမ္ဘာ့နိုင်ငံများကို ဆွဲဆောင်နိုင်ကြောင်း၊ အိန္ဒိယနှင့်တရုတ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းရှိ အခြားသော နိုင်ငံများအတွက် အကျိုးကျေးဇူးရရှိစေမည်ဖြစ်ကြောင်း စင်ကာပူဝန်ကြီးက ပြောကြားသည်။

ဆွေးနွေး

စင်ကာပူနိုင်ငံသည် တရုတ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသူများအတွက် ဂိတ်တံခါးပေါက်သဖွယ် ဖြစ်ကြောင်း ပြည်သူ့ရေးရာ မူဝါဒဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်တွင် လင်းက ပြောကြားသည်။

ကြိုးပမ်း

ကမ္ဘာ့စီးပွားရေး ပေါင်းစည်းဖြစ်ပေါ်မှု၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စေရန် စင်ကာပူအစိုးရက အမျိုးသားစီးပွားရေးတွင် ကဏ္ဍစုံလင်စေရန်နှင့် ပြုပြင်ပြောင်းလဲလွယ်စေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာသစ်ဖန်တီးမှုတို့မှတစ်ဆင့် စီးပွားရေးတွင် ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာအောင် မိမိတို့ ကြိုးပမ်းမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဖြန့်ကြက်

စင်ကာပူနိုင်ငံသည် အခြားသောနိုင်ငံများနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်များ ရရှိလာစေရန်လည်းကောင်း၊ နိုင်ငံတွင်းရှိ ကုမ္ပဏီများ ပြည်ပအထိ ဖြန့်ကြက်ကာ လုပ်ဆောင်နိုင်စေရန်လည်း ကောင်း ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဧပြီ ၇ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် လုံခြုံရေး စောင့်ကြပ်နေသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အဆင့်မြင့်နည်းပညာသုံး ရဲတပ်ဖွဲ့ကွပ်ကဲရေးစခန်း တည်ထောင်ရန်စီစဉ်

ဒါကာ ဧပြီ ၇

ဘင်္ဂလားဒေ့ရှ်အစိုးရသည် အမေရိကန် ဒေါ်လာ ၉ဒသမ၃ သန်းသုံးစွဲ၍ ဒါကာမြို့တွင် အဆင့်မြင့် နည်းပညာသုံး ရဲတပ်ဖွဲ့ကွပ်ကဲရေးစခန်း တည်ထောင်ရန် စီစဉ်လျက်ရှိကြောင်း မီဒီယာသတင်းရပ်ကွက်က ဖော်ပြသည်။

လက်ရှိသုံးစွဲနေသော ရဲတပ်ဖွဲ့ကွပ်ကဲရေးရုံးသည် မှုခင်းများပေါ်ပေါက်သော အခါနှင့် အရေးပေါ် အခြေအနေများ ဖြစ်ပေါ်သောအခါ ထိရောက်မြန်ဆန်စွာ တုံ့ပြန်နိုင်သောအခြေအနေ မရှိဟု ဆိုသည်။ ထိုသတင်းများကို နယူးအေ့ချ်သတင်းစာက ပြည်ထဲရေးဝန်ကြီးဌာနမှလာသော သတင်းကိုကိုးကား၍ ဖော်ပြခဲ့ခြင်းဖြစ်သည်။

အစီအစဉ်သစ်အရ ဖွင့်လှစ်မည့် ရဲတပ်ဖွဲ့ကွပ်ကဲရေးရုံးခန်းတွင် မော်တော်ယာဉ်များ အလိုအလျောက် ထိန်းချုပ်ရေးစနစ်၊ ဒီဂျစ်တယ်စနစ်သုံးမြေပုံ၊ ရွေ့လျားကွပ်ကဲရေးစခန်း၊ ချိန်နယ်လေးလိုင်းပါ ကြိုးမဲ့စနစ်နှင့် စောင့်ကြည့်ရေးကင်မရာစနစ်များ ပါဝင်သည်ဟုဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဧပြီ ၇ရက် ည ၇နာရီတွင် ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်နှင့်အတူ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများနှင့် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် ရင်းနှီးခင်မင်စွာ ဆုတောင်းစကားပြောကြားကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း ဗီယက်နမ် ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဟနွိုင်းမြို့ရှိ ဟနွိုင်းဒေဝူး ဟိုတယ်သို့ ရောက်ရှိရပ်နားကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ဆုတောင်းစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆုတောင်းစကား ပြောကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဆုတောင်းစကားပြောကြားစဉ်။ (သတင်းစဉ်)

ဧည့်ခံဖျော်ဖြေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ဟနွိုင်းမြို့ရှိ အစိုးရဧည့်ဂေဟာ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓမ္မာအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ခါသကြန်အဆိုအကများ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅:၀၀ ၅။ ခါသကြန်အဆိုအကများ
၅:၁၅ ၆။ မြန်မာစာ၊ မြန်မာစကား
၅:၃၀ ၇။ မြန်မာ့ရိုးရာတောလေ ကျေးလက်တေးသံသာ
၅:၄၅ ၈။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၅ ၉။ ခါသကြန်အဆိုအကများ
၆:၁၀ ၁၀။ Discovery.
၆:၁၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျှော်မင်းဝူခုန်း" (အပိုင်း-၈၃)**
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ စည်းကမ်းထိန်းပါ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန် ပွဲတော်မှာ
၇:၂၅ ၁၅။ ခါသကြန်အဆိုအကများ
၇:၄၀ ၁၆။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ယောမာန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၇)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

အငြိမ်းစားတို့ စကားဝိုင်း(၈)

ဟိန်းမြင့်

တပ်မတော်အစိုးရလက်ထက်တွင် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးလုပ်ငန်းတာဝန်အဖြစ် မြန်မာနိုင်ငံသားများအားလုံးဦးထိပ်ပန်ဆင်၍ အမြဲခံယူလိုက်နာကျင့်သုံးနိုင်ရန်အတွက် နိုင်ငံတော်၏မူဝါဒအဖြစ် ချမှတ်ထားခဲ့ပါသည်။ ထို့ပြင် နိုင်ငံရေး ဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ကာအေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးတို့ကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပေသည်။

အတိတ်ကာလကဖြစ်ပျက်ခဲ့သော သမိုင်းကြောင်းခြင်းရာတို့သည်အနာဂတ်ရည်မှန်းချက်များအောင်မြင်နိုင်ရေးအတွက် လက်ရှိပစ္စုပ္ပန်ကာလတွင် လိုက်နာကျင့်သုံးလုပ်ဆောင်အပ်သော မူဝါဒနှင့်လုပ်ငန်းတာဝန်များချမှတ်ရာ၌ အထောက်အကူဖြစ်စေပါသည်။ အတိတ်သမိုင်းကြောင်း၏ အဖြစ်အပျက်များအပေါ်မှ သင်ခန်းစာများ အမြောက်အမြားရယူဖော်ထုတ်နိုင်သည်ဖြစ်ရာ ထိုသင်ခန်းစာများသည် ပစ္စုပ္ပန်ကာလတွင် လိုက်နာဖွယ်ရာများနှင့် ဆင်ခြင်ဖွယ်ရာများကို အဓိကလမ်းညွှန်ပေးနေပါသည်။

ကျွန်တော်တို့ အငြိမ်းစားဝန်ထမ်းများသည် သူ့ကျွန်ဘဝတွင် လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့မှုများမှသည် ယနေ့တပ်မတော်အစိုးရလက်ထက်အထိ ဖြစ်စဉ်များကို ကလေးဘဝ၊ လူငယ်လူရွယ် ကျောင်းသားဘဝနှင့် ဝန်ထမ်းဘဝအဖြစ် ကိုယ်တိုင်ကိုယ်ကျ ထိတွေ့ခံစားဖြတ်ကျော်လာခဲ့ကြသည်နှင့်အညီ ဘဝအတွေ့အကြုံအားဖြင့် အမျိုးစုံကြုံတွေ့ခဲ့ကြရပြီး ဖြစ်ကြပါသည်။

သို့ဖြစ်၍ ကျွန်တော်တို့အဖွဲ့ဆုံမိတိုင်း ထိုအတွေ့အကြုံများကို အခြေခံ၍ လက်ရှိ ဖြစ်ပေါ်နေသောအခြေအနေအရပ်ရပ်တို့အပေါ် စကားဝိုင်းဖွဲ့မိကြပါသည်။

“တပ်မတော် အစိုးရလက်ထက်မှာ အချိန်ကာလမရွေး၊ ဘယ်အစိုးရပဲ တက်တက် အလေးအနက်ထားဦးထိပ်ပန်ဆင်ကြရမယ့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ရဲ့ မူဝါဒအဖြစ်ချမှတ်ပြီး အမြဲလိုက်နာကျင့်သုံးနေတာ တွေ့ရတယ်”

“သမိုင်းကပေးတဲ့ သင်ခန်းစာကနေရယူထားတာဖြစ်လို့ နိုင်ငံရေးပါတီများ အပါအဝင် အဖွဲ့အစည်းအသီးသီးနဲ့ ပြည်သူလူထုအားလုံးကပါ အမျိုးသားရေးတာဝန်အဖြစ် အမြဲတမ်းခံယူကျင့်သုံးကြဖို့လိုမယ်”

“နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ကာကွယ်ရေးပါမကျန် ဘာပဲလုပ်လုပ် ဒို့တာဝန်အရေးသုံးပါးကို စွဲစွဲမြဲမြဲနဲ့ လူတိုင်းလူတိုင်း ခံယူကျင့်သုံးကြမယ်ဆိုရင် ဘယ်လိုပြဿနာ၊ ဘယ်လိုအခက်အခဲနဲ့ပဲ ကြုံတွေ့ရသည်ဖြစ်စေ ကျော်လွှားအောင်မြင်ပြီးမြောက်မှာအမှန်ပဲ”

“အခု အမျိုးသားညီလာခံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်သင့်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ ချမှတ်ဖို့ညှိနှိုင်းဆွေးနွေးနေကြတဲ့နေရာမှာ အဓိကအရေးကြီးဆုံးဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုတဲ့ ခက်မသုံးဖြာအနက် အလွန်ခက်ခဲနက်နဲကျယ်ဝန်းတဲ့ ဥပဒေပြုရေးအာဏာခွဲဝေမှုအပိုင်းကို အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပြီးဖြစ်တာ တွေ့ရတယ်”

“ညီလာခံမှာ ကိုယ်စားလှယ်တွေ ပွင့်ပွင့်လင်းလင်း၊ လွတ်လွတ်လပ်လပ်နဲ့ ညီရင်းအစ်ကိုမောင်ရင်းနှမပမာ ဆွေးနွေးညှိနှိုင်းတိုင်ပင်ပြီးမှ ရလာတဲ့ အောင်မြင်မှုရလဒ်လို့ ဆိုရမှာပဲ’

“သတင်းမီဒီယာအပိုင်းကလဲ ဒီသတင်းအားလုံးကို ထုတ်လွှင့်ရေးသားဖော်ပြထားတာမို့ ငါတို့ပြည်သူအားလုံးတွေ့မြင်ဖတ်ရှုကြားသိခဲ့ရတာပဲမဟုတ်လား”

‘ဒါဟာအစုအဖွဲ့ ရှစ်ဖွဲ့က ကိုယ်စားလှယ်တော်ကြီးများအားလုံး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားကြလို့၊ မျိုးချစ်စိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အရင်းခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ စိတ်ရှည်ရှည်ထားပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြလို့ အောင်မြင်တယ်ဆိုတာ ထင်ရှားပါတယ်’

‘တစ်ဖွဲ့၊ တစ်ပါတီ၊ လူမျိုးတစ်မျိုးရဲ့ အကျိုးထက် တိုင်းရင်းသားအားလုံးရဲ့ အကျိုး၊ ပြည်ထောင်စုကြီးရဲ့အကျိုးကိုပဲ ဦးစားပေးပြီး ညှိနှိုင်းဆွေးနွေးအကြံပြု ထောက်ခံကြလို့ပဲလို့ဆိုရမယ်’

‘အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းမှာလည်း အခုလို အောင်မြင်သွားမှာ အမှန်ပဲလို့ယုံကြည်တယ်။ နိုင်ငံအတွက် အားရဝမ်းသာစရာပါပဲ’

‘နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို နေ့စဉ်သတင်းစာ မျက်နှာဖုံးမှာ ဖော်ပြနေသလို ရုပ်သံလွှင့်ဌာနတွေကလည်း နေ့စဉ် လွှင့်ထုတ်ပေးနေတာ လူတိုင်းသတိထားမိမှာပါ’

‘အေး- ပုံနှိပ်ထုတ်ဝေတဲ့ စာအုပ်စာစောင် ဂျာနယ် မဂ္ဂဇင်းတွေမှာလည်း ပါပါတယ်။ ဒါပေမယ့် အမှန်အတိုင်းဝန်ခံရရင် ငါတော့ ဖတ်ကြည့်မိတာနည်းတယ်။ တစ်ခါတစ်ရံ လိုအပ်တဲ့အခါမှာပဲ ဖတ်ကြည့်မိတယ်’

‘မင်းလိုပဲ၊ လူတိုင်းလိုလို နေ့တိုင်းဖတ်မိကြမှာ မဟုတ်ပါဘူး။ သေသေချာချာ ဖတ်ရှုလေ့လာကြည့်ရင် နိုင်ငံရေးနဲ့စီးပွားရေး ဦးတည်ချက်တွေက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးနဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ရေးကို ချမှတ်လုပ်ဆောင်နေပါတယ်ဆိုတာကို အတိအလင်းဖော်ပြနေတယ်’

‘လူမှုရေး ဦးတည်ချက်ကတော့ ဖြစ်ပေါ်လာမယ့် နိုင်ငံရေးနဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေနဲ့ လိုက်လျောညီထွေစွာ အံဝင်ခွင်ကျဖြစ်အောင် တစ်မျိုးသားလုံး စိတ်ဓာတ်နဲ့ အကျင့်စာရိတ္တမြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးတို့အတွက် ချမှတ်လုပ်ဆောင်နေတာကို ဖော်ပြနေတယ်’

‘တပ်မတော်အစိုးရအနေနဲ့ ဒီဦးတည်ချက်(၁၂)ရပ်အတိုင်း လက်တွေ့ အကောင်အထည်ဖော် လုပ်ဆောင်နေတာကိုလည်း မြင်တွေ့နိုင်တယ်လေ။ နိုင်ငံရေးဦးတည်ချက်နဲ့ ပတ်သက်လို့ လေ့လာသုံးသပ်ကြည့်ရင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရာခိုင်နှုန်းပြည့်နီးပါး အကောင်အထည်ဖော်နိုင်တာ တွေ့ရတယ်။ ဆက်လက်ပြီးတော့လည်း အကောင်အထည်ဖော်နေဆဲပဲ’

‘ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နဲ့အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးနဲ့ ပတ်သက်လို့ ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ကမ္ဘာသိချမှတ်ထားပြီး အရေးကြီးဆုံးအချက်ဖြစ်တဲ့ အမျိုးသားညီလာခံကို ကျင်းပလာခဲ့တာ အခုဆိုတော်တော်ကြီးကို ခရီးပေါက်ခဲ့ပြီဆိုတာလည်းတွေ့မြင်နေရတယ်’

‘အေးဟ၊ မင်းပြောမှပဲ နိုင်ငံရေးဦးတည်ချက်(၄)ရပ်အတိုင်း တပ်မတော်အစိုးရက အကောင်အထည် ဖော်နေတာ တော်တော်ကြီးကို ခရီးပေါက်နေပြီဆိုတာ သတိပြုမိတယ်’

‘တပ်မတော်အစိုးရက အခုလိုအတိအလင်းချပြခဲ့သလိုပဲ လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော်နေတာကို ပြည်တွင်းပြည်ပကဒီမိုကရေစီကိုလိုချင်လှပါပြီ၊ ဒီမိုကရေစီရရှိဖို့သာ အဓိကလို့ တစာစာအော်ဟစ်တောင်းဆိုနေတဲ့သူတွေက ဘာဖြစ်လို့များ ကဖျက်ယဖျက် လိုက်လုပ်နေကြသလဲမသိဘူးနော်’

“ကြည့်တတ်သူသည် မြင်၏”ဆိုတဲ့ စကားအတိုင်းပဲ အမှန်တကယ်တော့ ဖြတ်လမ်းနည်းနဲ့ အာဏာရဖို့ကိုပဲ အဓိကထားလုပ်နေကြတာကို အထင်အရှားပဲ မြင်နိုင်တယ်။ ဒီမိုကရေစီကို ဗန်းပြပြီး လက်နက်သဖွယ် အသုံးချနေသူများအနေနဲ့ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် အမှန်တကယ် အမြန်ဖြစ်ထွန်းလာမှာကို ကြောက်နေကြတာမို့ အဖျက်အမှောင့်လုပ်ရပ်တွေကိုပဲ အချိန်ရှိသရွေ့ ကြံစည်တွေးတော လုပ်ဆောင်နေကြတာလေ”

လွန်ခဲ့တဲ့နှစ်ပေါင်း ၁၄ နှစ်ကျော်က ရွေးကောက်ပွဲရလဒ်ကိုပဲ တွင်တွင်ပြောနေပြီး အာဏာလွှဲပေးဖို့ ပြည်ပနိုင်ငံ၊ ပြည်ပအဖွဲ့အစည်းအချို့နဲ့ လက်ဝါးချင်းရိုက်တောင်းဆိုနေသလို နိုင်ငံအနေနဲ့ အကျပ်အတည်း မျိုးစုံနဲ့ကြုံတွေ့ပြီး ပြည်သူလူထု ဆူပူအုံကြွလာအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းလာနိုင်တဲ့ ကိစ္စရပ်တွေမှန်သမျှကို ဗိုလ်ကျစိုးမိုးလိုတဲ့ ပြည်ပနိုင်ငံကြီးအချို့အကူအညီနဲ့ ပိတ်ဆို့ဟန့်တား တားဆီးနှောင့်ယှက်ဖိအားပေးနေကြတာတွေ၊ အဖျက်အမှောင့်လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ်နဲ့ ပြောဆိုလုပ်ဆောင်နေကြတာတွေကို သိသာထင်ရှားစွာ မြင်တွေ့နိုင်ပါတယ်”

“အေးဟ၊ အဲဒီအဖွဲ့တွေအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ပကတိအနေအထားမှန်တွေကို သတိပြုသင့်ပါပြီ၊ ကိုယ့်သမိုင်းကြောင်းကို ကိုယ်တိုင်ပဲရေးကြတာမို့ အနာဂတ်ကာလသမိုင်းကြောင်းမှာ အဲဒီပုဂ္ဂိုလ်တွေအားလုံး လူဆိုးများအဖြစ် သတ်မှတ်ရေးသားခံရမှာ မကြောက်ကြဘူး။ သတိမထားမိကြဘူးနဲ့ တူတယ်”

‘ဗုဒ္ဓဘာသာ တရားတော်အရ ဖျက်ဆီးတတ်သူ သုံးဦးကို ဖော်ပြထားရာမှာ--

“ကျီးများသည် တော၌ရှိသော သူတစ်ပါးအသိုက်ကို ဖျက်ဆီးတတ်၏”

“ကြွက်များသည် အိမ်တွင်းရှိ ပရိဘောဂများကို ဖျက်ဆီးတတ်၏”

“လူယုတ်မာများသည် တိုင်းပြည်အတွင်း ချမ်းသာရေးကို ဖျက်ဆီးတတ်၏”လို့ဆိုထားတာ တွေ့ရတယ်။ နိုင်ငံနဲ့ပြည်သူလူထုမချမ်းသာအောင်၊ ဆင်းရဲဒုက္ခရောက်အောင် မဖြစ်မနေ ဆောင်ရွက်နေသူတွေကတော့ လူဆိုးများအဖြစ် သမိုင်းတွင်ရစ်မှာအမှန်ပဲ”

“ဒီမိုကရေစီကို ကမ္ဘာအနှံ့ပြန့်ပွားရေးဆိုပြီး ကြွေးကြော်ကာ ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ပြည်တွင်းရေးတွေမှာ ဝင်ရောက်စွက်ဖက်နေတဲ့ နိုင်ငံကြီးကကော မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးအတွက် စနစ်တကျတည်ဆောက်နေတာကို ဘာလို့ ဖျက်လိုဖျက်ဆီးဝင်လုပ်နေတာလဲ”

“ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို ရှေ့တန်းတင်ဗန်းပြထားပြီးအမှန်မှာတော့ သူ့နိုင်ငံ သူ့လူမျိုး အကျိုးအတွက် လုပ်နေတာပဲ။ သူ့နိုင်ငံ သူ့အကျိုးစီးပွားကို မထိလိုက်နဲ့ ထိလိုက်တာနဲ့ မိတ်ဆွေနိုင်ငံလို့ သတ်မှတ်ထားတဲ့ နိုင်ငံတွေကိုပါမကျန် ရနိုင်တဲ့နည်းလမ်းနဲ့ အရာရာမှာအသာစီးရနေမှုကို အသုံးချပြီးအရေးယူဆောင်ရွက်နေတာတွေ မကြာခဏ တွေ့နေရတာပဲ”

“ဒို့နိုင်ငံ ဒီမိုကရေစီဖြစ်ထွန်းမှုထက် ကိုလိုနီလက်သစ်ဝါဒအရ သူ့အလိုကျ ခြယ်လှယ်လုပ်ကိုင်လို့ရမယ့် ရုပ်သေးအစိုးရအာဏာရရေးကိုပဲ ဦးတည်လုပ်ကိုင်နေတာလဲ အထင်အရှားပဲ”

“၅၄ သန်းကျော်ရှိတဲ့ ဒို့ပြည်သူလူထုအကျိုးစီးပွားကို လုံးဝအရေးမထားပစ်ပယ်ထားပြီး သူခြယ်လှယ်နိုင်မယ့် ပုဂ္ဂိုလ်တစ်ဦးနဲ့ ပါတီတစ်ခုရဲ့ အကျိုးစီးပွားကိုပဲ အလေးထားအရေးထား ပြောနေတာကိုလဲ တွေ့မြင်နိုင်တာပဲ”

“နိုင်ငံတစ်နိုင်ငံအနေနဲ့ တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမယ်၊ ဖွံ့ဖြိုးတိုးတက်ချမ်းသာလာမှ ဒီမိုကရေစီလဲဖြစ်ထွန်းပြီး ရေရှည်တည်တံ့နိုင်မယ်ဆိုတာ အားလုံးသိကြတာပဲ။ ရေမြေသယံဇာတပေါများ ကြွယ်ဝတဲ့၊ လူ့လုပ်အားတွေ အပြည့်အဝရှိတဲ့ ဒို့နိုင်ငံအနေနဲ့ဆို အနှောင့်အယှက်ကင်းပြီး တည်ငြိမ်အေးချမ်းမယ်ဆိုရင် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်မှာဖြစ်သလို ဒီမိုကရေစီစနစ်လဲ အမြန်ထွန်းကားတည်တံ့နေမယ်ဆိုတာ အဲဒီနိုင်ငံကြီးတွေအနေနဲ့ ပိုသိမှာပါ”

“ဒီလိုသိလျက်နဲ့ ဒို့နိုင်ငံမတည်ငြိမ်အောင်၊ မဖွံ့ဖြိုးမတိုးတက်အောင် ပိတ်ပင်ဟန့်တားနှောင့်ယှက် ဖိအားပေးနေတာတွေကို သုံးသပ်ကြည့်ရင် ဘာအတွက် ရည်ရွယ်လုပ်ဆောင်နေတယ်ဆိုတာ သိမြင်နိုင်ပါတယ်”

“၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၄ရက်နေ့က မုံရွာမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့် မြို့နယ်များမှ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင်များ၊ သူနာပြုသင်တန်းသူများ၊ ဖိတ်ကြားထားသူများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းက-

-ယနေ့ အခြေအနေ အချိန်အခါအရ ပြည်နယ်နှင့်တိုင်းနယ်မြေအနှံ့၌ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လိုအပ်သော အခြေခံအဆောက်အအုံများကို ပြည့်စုံလုနီးပါး တည်ဆောက်ပြီးသည့်အတိုင်း နယ်မြေဒေသအားလုံးသည် စီးပွားရေးအရ၊ လမ်းပန်းဆက်သွယ်ရေးအရ၊ ပညာရေးအရ၊ ကျန်းမာရေးအရ တိုးတက်လာနေပြီဖြစ်ရာ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံအဖြစ် အသွင် ကူးပြောင်းရေးအတွက် နိုင်ငံရေးဆိုင်ရာလုပ်ငန်းအစီအစဉ်များကို ချမှတ် အကောင်အထည်ဖော်လျက်ရှိကြောင်း၊

-နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားဖွံ့ဖြိုးခိုင်မာရေး အတွက် ဆောင်ရွက်ဖွယ်ရာများကို အခြေချဆောင်ရွက်နိုင်သည်နှင့်အမျှ စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီ နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်ရန် ချမှတ်ထားသော လမ်းကြောင်းမှန်အတိုင်း မိမိတို့တိုင်းရင်းသားပြည်သူများ အားလုံး တက်ညီလက်ညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်းကို ထောက်ပြပြောဆိုသွားတာတွေ့ရတယ်”

“စိုက်ပျိုးရေး၊ ပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအား၊ စက်မှုလက်မှု၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာနဲ့ စွမ်းအင်ကဏ္ဍစတဲ့ ကဏ္ဍပေါင်းစုံတို့မှာ တည်ဆောက်ပြီး တည်ဆောက်ဆဲ အခြေခံအဆောက်အအုံတွေက နိုင်ငံအဝန်းကိန်းဂဏန်းအတိအကျနဲ့ ရှိနေပြီး လက်ညှိုးထိုးလို့မလွဲအောင်ဘဲ ဆိုတာကို ပိုမိုသတိပြုမိလာတယ်”

“ဒီလိုဘက်စုံအခြေခံအဆောက်အအုံတွေကို ဖြစ်မြောက်အောင် တည်ဆောက်တဲ့နေရာမှာ လွယ်လွယ်ကူကူနဲ့တော့မဟုတ်ဘူးဟ၊ ပိတ်ဆို့တားဆီးဟန့်တားနှောင့်ယှက် ဖျက်ဆီးမှုတွေနဲ့ ဖိအားပေးမှုတွေကို တစ်ဖက်ကကာကွယ်တားဆီးရင်း တစ်ဖက်က တည်ဆောက်ခဲ့ရတာလေ”

အတိတ်ကာလကဖြစ်ပျက်ခဲ့သော သမိုင်းကြောင်းခြင်းရာတို့သည် အနာဂတ် ရည်မှန်းချက်များ အောင်မြင်နိုင်ရေးအတွက် လက်ရှိပစ္စုပ္ပန်ကာလတွင် လိုက်နာကျင့်သုံးလုပ်ဆောင်အပ်သော မူဝါဒနှင့်လုပ်ငန်းတာဝန်များချမှတ်ရာ၌ အထောက်အကူဖြစ်စေပါသည်။ အတိတ်သမိုင်းကြောင်း၏ အဖြစ်အပျက်များအပေါ်မှ သင်ခန်းစာများ အမြောက်အမြားရယူဖော်ထုတ်နိုင်သည်ဖြစ်ရာ ထိုသင်ခန်းစာများသည် ပစ္စုပ္ပန်ကာလတွင် လိုက်နာဖွယ်ရာများနှင့် ဆင်ခြင်ဖွယ်ရာများကို အဓိကလမ်းညွှန်ပေးနေပါသည်။

“အာဏာကိုဖြတ်လမ်းက ရယူချင်နေတဲ့လူတွေ၊ ပြည်တွင်းပြည်ပ အဖျက်သမားတွေကဆိုရင် ပြည်ပကခရီးသွားတွေ မလာပါနဲ့၊ ပြည်ပကစီးပွားရေးလုပ်ငန်းတွေ လာရောက်မရင်းနှီးမမြှုပ်နှံကြပါနဲ့၊ ရှိပြီးသားစီးပွားရေးလုပ်ငန်းတွေပိတ်သိမ်းကြပါ၊ ကူညီထောက်ပံ့မှုတွေလည်း မပေးကြပါနဲ့၊ စီးပွားရေးပိတ်ပင်တားဆီးပေးကြပါဆိုပြီး နိုင်ငံတော်နဲ့ ပြည်သူတွေအကျိုးထိခိုက်နစ်နာပျက်စီးအောင် တောင်းဆိုမှုတွေ၊ ဖန်တီးလုပ်ဆောင်မှုတွေ အမျိုးမျိုးလုပ်ခဲ့ကြတယ်။ အခုလဲလုပ်နေကြတယ် မဟုတ်လား”

“ဟုတ်ပ၊ နိုင်ငံနဲ့ပြည်သူတွေ ချမ်းသာကြွယ်ဝသွားမှာ လုံးဝမမြင်ချင်၊ မတွေ့ချင်ကြတဲ့သူတွေပဲ၊ သူတို့လုပ်လို့အထည်ချုပ်စက်ရုံအချို့ပိတ်လိုက်ရတာ၊ လုပ်သားတွေ အများအပြားအလုပ်လက်မဲ့ဖြစ်ကုန်ကြရတာတောင် သတိသံဝေဂ မရကြသေးဘူးလေ”

“ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုတဲ့သူတွေ၊ မင်းသားကြီးမလုပ်ရရင် ပတ်မကြီးကို ထိုးဖောက်မယ်ဆိုတဲ့လူတွေ သမိုင်းကြောင်းမှာ ဘယ်တော့မှ ဓာတ်သိမ်းကောင်းမှာမဟုတ်ဘူး”

“အခုဟာက ကိုယ်တိုင်ကလဲ နိုင်ငံအတွက်၊ ပြည်သူလူထုအတွက် ဘာတစ်ခုမှ ကောင်းကျိုးဆိုလို့မယ်မယ်ရရမလုပ်ခဲ့ဖူးဘူး။ တပ်မတော်အစိုးရက နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးနဲ့ စည်းကမ်းပြည့်ဝတဲ့ဒီမိုကရေစီနိုင်ငံတော်သစ်ကို အရှိန်အဟုန်နဲ့ တည်ဆောက်နေတာကိုလဲ ဖျက်ဆီးနှောင့်ယှက်နေသေးတယ်။ ကိုယ်လဲကောင်းကျိုးမလုပ်၊ သူများကလုပ်နေတာကိုလဲ ဖျက်ဆီးနှောင့်ယှက် ဆိုတော့ ကမ်းကုန်အောင် မိုက်မဲနေကြသူတွေပဲလို့ ဆိုရတော့မှာပဲ”

“အဲဒီအမြင် လွဲမှားနေကြတဲ့သူတွေအားလုံး သတိတရားတော့ရသင့်ကြပါပြီကွာ။ နိုင်ငံနဲ့လူမျိုးလဲသူတို့ကြောင့် နစ်နာလှပါပြီ”

‘အေးကွာ၊ ဒီလိုပြည်တွင်း ပြည်ပက နှောင့်ယှက်ဖျက်ဆီးတားဆီးပိတ်ပင်နေတဲ့ကြားကနေပြီး ခုလို အောင်မြင်အောင် တည်ဆောက်နိုင်တာကတော့ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှု စွမ်းအားကြောင့်ပဲလို့ ဆိုရမှာပါ”

“အေး-အဲဒီလိုပြည်တွင်းက စွမ်းအားကြောင့်အပြင် အိမ်နီးချင်းမိတ်ဆွေနိုင်ငံတွေ၊ ဒေသအတွင်းရှိ မိတ်ဆွေနိုင်ငံတွေရဲ့ ကူညီရိုင်းပင်းမှုကြောင့်လဲ ပါတယ်လို့ ဆိုရမယ်”

“ကမ္ဘာ့နိုင်ငံအသီးသီးက ကိုယ့်နိုင်ငံ ကိုယ်တိုးတက်ဖွံ့ဖြိုးအောင် အားသွန်ခွန်စိုက် အပြိုင်အဆိုင် ကြိုးပမ်းလုပ်ဆောင်နေကြချိန်မှာ ဒို့နိုင်ငံက ပြည်တွင်းပြည်ပ အဖျက်သမားတွေကြောင့် တစ်ဖက်က အဖျက်အန္တရာယ်ကို တားဆီးကာကွယ်ရင်း တစ်ဖက်ကလည်း နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်သူအများလိုလားနေကြတဲ့ ဒီမိုကရေစီနိုင်ငံအဖြစ် စနစ်တကျ ထူထောင်နိုင်အောင် ကြိုးပမ်းရတာမို့ နိုင်ငံ စွမ်းအားရှိသလောက် မလုပ်နိုင်တာတော့ အမှန်ပဲပေါ့”

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❀

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှေးဟောင်းတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာ

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဟန္နွိုင်းမြို့ရှိ လွန်ခဲ့သော ၁၇ ရာစုခန့်က ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံးသော ရှေးဟောင်းတက္ကသိုလ်၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၇ရက် ညနေ ၅နာရီတွင် ဟန္နွိုင်းမြို့ရှိ လွန်ခဲ့သော ၁၇ရာစုခန့်က ဗီယက်နမ်နိုင်ငံ၏ ပထမဦးဆုံးသော ရှေးဟောင်းတက္ကသိုလ်ကို သွားရောက်ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယဉ်ကျေးမှုဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှေးဟောင်းတက္ကသိုလ်အတွင်းရှိ ရှေးဟောင်း ကျောက်ထက်အက္ခရာနှင့် စာပေတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ဧည့်ခံဖျော်ဖြေ

ထို့နောက် ဗီယက်နမ်ရိုးရာယဉ်ကျေးမှုအဖွဲ့က ရိုးရာတူရိယာများကို တီးမှုတ်၍ ရိုးရာတေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ (သတင်းစဉ်)

❁ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

"စွမ်းအားအပြည့်အဝနဲ့သာ လုပ်ကိုင်နိုင်ခဲ့မယ်ဆိုရင် နိုင်ငံတော်လဲ တော်တော့်ကို ဖွံ့ဖြိုးတိုးတက်နေပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အရှိန်အဟုန်ကောင်းကောင်းနဲ့ ချီတက်သွားနေမှာအမှန်ပဲ"

"အဖျက်သမားတွေရဲ့ ပုံကြီးချဲ့သွေးထိုးလုပ်ကြံပြောဆိုနေကြတာတွေကို နားယောင်နေတဲ့သူတွေလဲ အနည်းနဲ့အများရှိကြတယ်ဟ၊ ထောက်ပြပြောဆိုနိုင်တဲ့ ချို့ယွင်းချက်တွေ၊ ဟာကွက်တွေကို အဆိုးမြင်ဘက်ကနေ ကြည့်ပြီး လုပ်ကြံမှုတွေနဲ့ပါ ရောကောသောကော ပုံကြီးချဲ့ပြောဆိုကြတော့ တချို့တလေ နားယောင်မိကြတာပေါ့"

"လောကသဘာဝအရ ပုထုဇဉ်လူသားတိုင်း ဘယ်သူမှ ရာခိုင်နှုန်းပြည့် ပြည့်ဝတယ်၊ တော်တယ်၊ ကောင်းတယ်ဆိုတာ မရှိနိုင်ပါဘူး။ အားနည်းချို့ယွင်းမှုတွေ အနည်းနဲ့အများရှိကြမှာပါ။ ဘယ်အရာမှာမဆို အကြောင်းနဲ့အကျိုးကို ဆက်စပ်ပြီး ကြည့်နိုင်မြင်နိုင်ကြရမယ်လေ"

"ဒီသဘောတရားအတိုင်းပဲ တပ်မတော်အစိုးရအနေနဲ့လဲ အားနည်းချို့ယွင်းမှုတွေကိုတွေ့တိုင်း ဖယ်သင့်သူကိုဖယ်ပြီး ပြုပြင်လုပ်ဆောင်နေတာတွေ တွေ့နေရတာပဲ မဟုတ်လား"

"နိုင်ငံ့အရေးကို ဆောင်ရွက်တယ်ဆိုတဲ့နေရာမှာ နိုင်ငံတော်တစ်ခုလုံးအတွက်၊ ပြည်သူတစ်ရပ်လုံးအတွက် အကျိုးတရားတွေ ဖြစ်ထွန်းရရှိအောင် လုပ်ကြရတာမို့ လုပ်ငန်းသဘာဝအရ အလွန်ကျယ်ပြန့်တယ်၊ အလွန်နက်နဲတယ်၊ အလွန်လဲသိမ်မွေ့ပါတယ်။ တစ်ခါတစ်ရံမှာ ဒေသနဲ့ အချိန်ကာလအရ အကျိုးတစ်ခု ဖြစ်ထွန်းရရှိဖို့ အထူးအရေးကြီးလိုအပ်နေချိန်မှာ အချို့သောဆိုင်းငံ့ထားလို့ရမယ့် အကျိုးတရားအတွက် လုပ်ဆောင်ရမယ့်ကိစ္စအချို့ကို ခေတ္တလျစ်လျူရှုထားခဲ့ရတာတွေလဲ ရှိနိုင်ပါတယ်"

"နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေးတို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း လိုက်လျောညီထွေစွာ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ တစ်ခါတစ်ရံ အချိန်ကာလအလိုက် ဖြစ်ပေါ်နေတဲ့ အခြေအနေအပေါ်မူတည်ပြီး အရေးကြီးရင် ကြီးသလို ဦးစားပေးစနစ်နဲ့ ဆောင်ရွက်ရတာလဲ ရှိနိုင်တယ်လေ"

"ဒါကြောင့် အစိုးရတိုင်းမှာ ထောက်ပြစရာအချို့ရှိနေမှာပါ၊ အားနည်းမှုတွေအပေါ် ထောက်ပြဝေဖန် သုံးသပ်နိုင်ပါတယ်။ ဒါပေမယ့် အားသာချက်တွေကို လျစ်လျူရှုပြီးတစ်ဖက်သတ်အဆိုးမြင်နဲ့ ပြောနေမယ်ဆိုရင်တော့ ပြောတဲ့ သူတွေဟာ အရောင်ဆိုးထားခြင်းခံနေရလို့၊ ဒါမှမဟုတ် မလိုတမာဖြစ်နေလို့ပဲလို့ ရှုမြင်နိုင်ပါတယ်"

'အစိုးရကြောင့် ဖြစ်ထွန်းလာတဲ့ အကျိုးတရားတွေ မြောက်မြားစွာရှိနေတာကို မသိချင်၊ မမြင်ချင်ယောင်ဆောင်ထားပြီး ဖြစ်ထွန်းမှုအားနည်းနေတဲ့ အကြောင်းအရာတစ်ခုအပေါ်ကိုပဲ ပုံကြီးချဲ့ပြစ်တင်ဝေဖန်ထောက်ပြပြီး အဲဒီအစိုးရမကောင်းဘူးလို့ဆိုနေရင် မမှန်နိုင်ပါဘူး။ အဲဒီလို တစ်ဖက်သတ်အဆိုးမြင်နဲ့ ပြောဆိုနေသူတွေဟာ နိုင်ငံအကျိုးကို အမှန်အကန် သယ်ပိုးလိုသူများလို့ မသတ်မှတ်နိုင်ပါဘူး'

'ဟုတ်တယ်၊ သူငယ်ချင်းပြောတဲ့ သဘောတရားကို ဒို့အားလုံးလက်ခံပါတယ်။ ဒို့အားလုံးဖြတ်သန်း ကြုံတွေ့လာခဲ့တဲ့ အစိုးရအဆက်ဆက် အားလုံးထဲမှာ အခုတပ်မတော်အစိုးရဟာ နိုင်ငံအကျိုးအတွက် အဘက်ဘက်က တိုးတက်အောင် အဆောင်ရွက်နိုင်ဆုံးပဲဆိုတာ ထင်ရှားပါတယ်။ စာရင်းဇယားကိန်းဂဏန်းတွေနဲ့ အထင်အရှားပဲ၊ သိသိသာသာပေါ်ပေါ်လွင်လွင်ကို အောင်မြင်အောင် တည်ဆောက်နိုင်တယ်ဆိုတာ အားလုံးမျက်မြင်ပဲ'

'၈၈ ခုနှစ်အရေးအခင်းမှာ ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်မျှ မင်းမဲ့စရိုက်အဖြစ်ဆိုးကို မထိန်းသိမ်းမကာကွယ်နိုင်လို့ တပ်မတော်က နိုင်ငံ့တာဝန်ကို ယူလိုက်ရစဉ်မှာ နိုင်ငံရဲ့အခြေအနေက ချွတ်ခြုံကျနေပြီး အနုတ်လက္ခဏာဖြစ်နေတာပါ။ မှတ်မိဦးမလားမသိဘူး၊ ပြည်ပအသုံးလွှင့်ဌာနတွေက ဒို့နိုင်ငံမှာ နိုင်ငံခြားသုံးငွေလက်ကျန်မရှိသလောက် ဖြစ်နေတာမို့ တပ်မတော်အစိုးရအနေနဲ့ အလွန်ဆိုးခံလှ တစ်ပတ်၊ နှစ်ပတ်ပဲလို့ ဆိုခဲ့တယ်လေ။ အဲဒီအခြေအနေကနေ အပင်ပန်းခံပြီး ကြိုးစားတည်ဆောက်လာခဲ့တာမို့ အခုလို အောင်မြင်မှုရလဒ်ကို ဒို့အားလုံးမြင်တွေ့နေရပြီ မဟုတ်လား'

'ဦးဆောင်မှု မှန်ကန်မှု၊ မူဝါဒနဲ့ လုပ်ငန်းလမ်းစဉ်မှန်ကန်မှု၊ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်မှုတွေကြောင့် အခုလို ရလဒ်ကောင်းတွေ ဖြစ်ထွန်းရရှိခဲ့တယ်လို့ ဆိုရမှာပဲ'

ထိုသို့ စကားဝိုင်းဖွဲ့ဆိုပြီးနောက် ကျွန်တော့်အနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလအတွင်း နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့၏ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းခရီးစဉ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းတို့၏ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းခရီးစဉ်၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ခရီးစဉ်တို့တွင် တွေ့ရှိခဲ့ရသည့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ အခြေခံအဆောက်အအုံများ၊ ကြားသိဖတ်ရှုခဲ့ရသည့် လမ်းညွှန်မှာကြားချက်များကိုလည်းကောင်း၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကြပ်မတ်ကျင်းပလျက်ရှိသော အမျိုးသားညီလာခံ၏ အောင်မြင်ဖြစ်ထွန်းမှု ရလဒ်များကိုလည်းကောင်း ထင်ထင်ရှားရှား မြင်တွေ့ကြားသိနေရပြီဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ မကြာမီရောက်ရှိလာတော့မည်ကို မြင်ယောင်နေမိပါသည်။

ဒို့တာဝန်အရေးသုံးပါးကို အမြဲဦးထိပ်ပန်ဆင်၍ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် ရည်မှန်းချက်ပန်းတိုင်သို့ အမြန်လျှောက်လှမ်းနိုင်တော့မည်ဟုလည်း ခံစားယုံကြည်နေပါသည်။ အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကား အလှမ်းမဝေးတော့ပြီ မဟုတ်ပါလား။ ။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် စည်ကားစွာ ကျင်းပရေးကြိုတင်ပြင်ဆင်

ရန်ကုန် ဧပြီ ၁၀

၁၃၆၆ ခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေသဘင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက်ဆောင်ရွက်လျက်ရှိရာ မြို့တော်ခန်းမရှေ့ မျက်နှာစာတွင် ရန်ကုန်မြို့တော်ဝန် မဟာကြန်မဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များ တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။ **(အောက်ပုံ)**

ယခုနှစ်တွင် ပြိုင်ပွဲဝင်အသင်းများ ယခင်နှစ်များကဲ့သို့ ကြိုတင်ယှဉ်ပြိုင်စရာမလိုတော့ဘဲ မြို့တော်ဝန် မဟာကြန်မဏ္ဍပ်တွင် ပါဝင်ယှဉ်ပြိုင်ရင်း ဖျော်ဖြေသွားမည်ဖြစ်သည်။

၂၉ သင်း

ယခုနှစ်တွင် ပြိုင်ပွဲဝင်အသင်းများအနေဖြင့် ၁၂ ဦး မူကြိုယိမ်း၊ ၁၂ ဦး ကျောင်း၊ ၁၂ဦး ရုံးနှင့် အခြား၊ ၁၆ ဦး ကျောင်း၊ ၁၆ ဦး ရုံးနှင့် အခြားယိမ်းများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယိမ်းများနှင့်အတူ အိုးစည်ပြိုင်ပွဲ၊ ဒိုးပတ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့်အသင်း စုစုပေါင်းမှာ ၂၉ သင်း ဖြစ်သည်။

ဖျော်ဖြေ

သင်္ကြန်ပွဲတော်ရက်အတွင်း နေ့လယ် ရေပက်ကစားမှု နားသည့်အချိန်များတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန တီးဝိုင်းနှင့် အဆိုတော်များက ဖျော်ဖြေသွားကြမည်ဖြစ်သည်။ (၁၉)

နှစ်ကျိပ်ရှစ်ဆူ ဒေသစာရီ ကြွချီ အပူဇော်ခံမည်

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် အမှတ်(၆)ရပ်ကွက် တပ်မြေနှစ်ကျိပ်ရှစ်ဆူ ဘုရားများ၏ (၃၇)ကြိမ်မြောက် မြို့နယ်အတွင်း ဒေသစာရီကြွချီ အပူဇော်ခံလှည့်လည်ပွဲကို ဧပြီ ၁၇ရက်တွင် အမှတ်(၆) ရပ်ကွက်နှင့် တောင်လုံးပြန် ရပ်ကွက်သို့လည်းကောင်း၊ ၁၈ ရက်တွင် အမှတ်(၂)၊ (၃)၊ (၄) နှင့် (၅) ရပ်ကွက်သို့ လည်းကောင်း၊ ၁၉ ရက်တွင် အမှတ်(၇)၊ (၈)၊ (၉)နှင့် ကျိုတော်ရပ်ကွက်သို့ လည်းကောင်း၊ ၂၀ရက်တွင် အမှတ်(၁)နှင့် (၁၀) ရပ်ကွက် အသီးသီးသို့လည်းကောင်း ဒေသစာရီလှည့်လည် အပူဇော်ခံမည်ဖြစ်သည်။ (က-ပ)

ဟိုတယ်စီမံကိန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ပုဂံနန်းမြင့်မျှော်စင်အနီး တွဲဖက်တည်ဆောက်နေသော Htoo Trading Co., Ltd ၏လုပ်ငန်းများနှင့် ဆောက်လုပ်ပြီး တည်းခိုဆောင်များ၊ အခန်းဖွဲ့စည်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ခေတ်မီနည်းပညာသုံး

ပုဂံနန်းမြင့်မျှော်စင်မှာ ၁၉၈ပေမြင့်ပြီး အချင်း ၅၄ပေ ကျယ်ဝန်းသည့် နန်းမြင့်မျှော်စင်ဖြစ်သည်။ အထပ်ပေါင်း၁၃ထပ်ပါရှိပြီး သဘာဝဘေးအန္တရာယ်များဖြစ်သည့် မုန်တိုင်းဒဏ်နှင့် ငလျင်ဒဏ်တို့ကိုလည်းခံနိုင်ရန် ခေတ်မီအဆင့်မြင့်နည်းပညာကို အသုံးပြု၍ တည်ဆောက်ထားသည်။

မြေညီထပ်၌ Business Center၊ ရုံးခန်းနှင့် ဆိုင်ခန်းများရှိသည်။

ပထမထပ်မှာ Waiting Lounge များဖြစ်သည်။ ဒုတိယထပ်၌ စည်းဝေးခန်းမ၊ Bagan History Video Show Room နှင့် Coffee Shop များ ရှိသည်။

တတိယထပ်၌ Store Room များရှိပြီး စတုတ္ထထပ်၊ ပဉ္စမထပ်၊ ဆဋ္ဌမထပ်၊ သတ္တမထပ်တို့မှာ ရုံးခန်းများဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံနန်းမြင့်မျှော်စင်အနီး တွဲဖက်တည်ဆောက်နေသော Htoo Trading Co., Ltd. ၏ဟိုတယ်စီမံကိန်းလုပ်ငန်းများနှင့် ဆောက်လုပ်ပြီး တည်းခိုဆောင်များ၊ အခန်းဖွဲ့စည်းထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ကိုးထပ်နှင့် ၁၀ထပ်တို့မှာ Restau
၁၁ထပ်မှာ Viewing Deck နှင့် ၁၃ထပ်မှ
ဖြစ်သည်။

တပ်ဆင်ထား

ပုဂံနန်းမြင့်မျှော်စင်ကို ခေတ်မီအဆင့်
တည်ဆောက်ထားသကဲ့သို့ မြန်မာမှုလက်ရာမ
စနစ်တကျတည်ဆောက်ထားပြီး ပုဂံနန်းမြင့်
ခေတ်မီအဆင့်မြင့် ဓာတ်လှေကားသုံးစင်းလ

ပုဂံနန်းမြင့်မျှော်စင်မှာ ၁၉၈ပေမြင့်ပြီး အချင်း ၅၄ပေကျယ်ဝန်းကာ အထပ် ၁၃ထပ်ပါရှိ မုန်တိုင်းဒဏ်နှင့် ငလျင်ဒဏ်ခံနိုင်ရန် ခေတ်မီအဆင့်မြင့်နည်းပညာအသုံးပြု တည်ဆောက်ထား

✧ **ရှေ့ဖုံးမှ**

ဆက်လက်၍ Htoo Trading Co. Ltd မန်နေဂျင်းဒါရိုက်တာ ဦးတေဇက ပုဂံနန်းမြင့်မျှော်စင်တည်ဆောက်ခဲ့မှုနှင့် နန်းမြင့်မျှော်စင်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီတွင် ပုဂံနန်းမြင့်မျှော်စင်ရှေ့၌ ကျင်းပသည့် ပုဂံနန်းမြင့်မျှော်စင်(Bagan Viewing Tower) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ပုဂံနန်းမြင့်မျှော်စင် ဖွင့်ပွဲအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းမှ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင်နှင့် မြို့နယ်များမှ ဌာနဆိုင်ရာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ Htoo Trading Co., Ltd မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ ပုဂံနန်းမြင့် မျှော်စင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် Htoo Trading Co., Ltd မန်နေဂျင်းဒါရိုက်တာ ဦးတေဇတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပုဂံနန်းမြင့်မျှော်စင် မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ဓာတ်လှေကားဖြင့် (၁၁)ထပ်သို့ တက်ရောက်ကြပြီး View Deck မှနေ၍ ပုဂံမြို့ရှုခင်းကို ကြည့်ရှုကြသည်။

ကြည့်ရှု

ဆက်လက်၍ ၁၃ထပ် Open View Deck သို့ တက်ရောက်၍ ပုဂံမြို့ရှုခင်း၊ ဘုရားစေတီများ ပြုပြင်မွမ်းမံပြီးစီးမှုနှင့် ပတ်ဝန်းကျင် သာယာလှပမှုအခြေအနေများကို ကြည့်ရှုကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ၁၀ထပ်မှလည်း ပုဂံရှုခင်းနှင့် ပုဂံနန်းမြင့်မျှော်စင်အနီး တည်ဆောက်လျက်ရှိသည့် ဟိုတယ်စီမံကိန်း အဆောက်အအုံများကို ကြည့်ရှုကြသည်။

ဆက်လက်၍ မြေညီထပ်ရှိ Business Room များ၊ ရုံးခန်းနှင့် ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပုဂံနန်းမြင့်မျှော်စင် မော်ကွန်းကမ္ပည်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ပုဂံနန်းမြင့်မျှော်စင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်၊ Htoo Trading Co., Ltd.မန်နေဂျင်းဒါရိုက်တာဦးတေဇတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၅(တနင်္လာနေ့)

၇:၀၀	အဖွင့်ယနေ့အစီအစဉ်
၇:၀၅	မြန်မာစာ မြန်မာစကား
၇:၂၅	ခါသကြိမ်အဆိုအက
၇:၃၀	ပြည်တွင်းသတင်း
၇:၃၅	သစ်သီးဝလံပေါပြည့် ဝေဆာဥယျာဉ်ခြံမှာ
၇:၄၀	ခါသကြိမ်အဆိုအက
၇:၄၅	UEFA. Stories Euro 2004 (Group D)
၈:၃၀	နိုင်ငံတကာသတင်း
၈:၃၅	သွေးလွန်တုပ်ကွေး ရောဂါနှိမ်နင်းရေး
၈:၄၅	ဂီတသံစဉ်အလှဆင်
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	သကြားလုံးစက်ရုံ
၉:၁၅	ပြည်တွင်းသတင်း
၉:၂၀	ဖန်တီးသူတို့အနုပညာ
၉:၄၀	ခါသကြိမ်အဆိုအက
၉:၄၅	မိုင်ပေါင်းကုဋေ ဝေးပါစေ ခရီးတွင် စေတာ မောင်မြန်မာ
၉:၅၅	နိုင်ငံတကာသတင်း
၁၀:၀၀	ခေတ်မီပျားမွေးမြူရေးနှင့် ပျားရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၁၀:၀၅	တေးဂီတအစီအစဉ်
၁၀:၁၀	နိုင်ငံတကာ မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကြီး
၁၀:၂၅	ခါသကြိမ်အဆိုအက
၁၀:၃၀	ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း
၁၀:၄၀	မျက်လှည့်ပဒေသာ ပျော်ရွှင်စရာ
၁၁:၀၀	အပိတ်

အထက်ပါ(၄)နာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။



ကိုးထပ်နှင့် ၁၀ထပ်တို့မှာ Restaurant Deck များဖြစ်ပြီး ၁၁ထပ်မှာ Viewing Deck နှင့် ၁၃ထပ်မှာ Open Viewing Deck ဖြစ်သည်။

တပ်ဆင်ထား

ပုဂံနန်းမြင့်မျှော်စင်ကို ခေတ်မီအဆင့်မြင့်နည်းပညာများ အသုံးပြုတည်ဆောက်ထားသကဲ့သို့ မြန်မာမှုလက်ရာများ၊ ပုဂံခေတ်လက်ရာများဖြင့် စနစ်တကျတည်ဆောက်ထားပြီး ပုဂံနန်းမြင့်မျှော်စင်တွင် ၁၁ယောက်စီး ခေတ်မီအဆင့်မြင့် ဓာတ်လှေကားသုံးစင်းလည်း တပ်ဆင်ထားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုဂံနန်းမြင့်မျှော်စင်မြေညီထပ်ရှိ Business Room **များ၊ ရုံးခန်းနှင့် ဆိုင်ခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကမ္ဘောဒီးယားသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာရန် ဧပြီ ၈ရက် ဒေသစံတော်ချိန် နံနက် ၈နာရီတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်၊ အစိုးရအဖွဲ့ဒုတိယဥက္ကဋ္ဌ မစ္စတာငုယင်ဗင်လမ်နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့်ဇနီး ဒေါ်ထွေးထွေးမြ၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားကြသည်။ (သတင်းစဉ်)

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် သြဝါဒါစရိယ တင်မြှောက်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၀

ရန်ကုန်မြို့ ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်း၏ (၄၅) ကြိမ်မြောက် သြဝါဒါစရိယ ဆရာတော်ကြီးများ ပူဇော်ကန်တော့ပွဲနှင့် အဘိဓမ္မာသင်တန်းပြ ဆရာကြီး၊ ဆရာမကြီးများ၊ ဘွဲ့တံဆိပ်ရပုဂ္ဂိုလ်များအား ဂုဏ်ပြုထောမနာ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ဗဟန်းလမ်းမကြီးပေါ်ရှိ အဘိဓမ္မာရတနာဃရ(အဘိဓမ္မာဗိမာန်တော်ကြီး)၌ ကျင်းပရာ အဘိဓမ္မာ ပြန့်ပွားရေးအသင်း၏ သြဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။

အခမ်းအနားတွင်အဘိဓမ္မာအသင်း သြဝါဒါစရိယ ဆရာတော်ကြီး ရှစ်ပါးအပြင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးခြောက်ပါးကို သြဝါဒါစရိယဆရာတော်ကြီးများအဖြစ် တင်မြှောက်ကြသည်။

ဆက်လက်၍နိုင်ငံတော်မှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းချီးမြှင့်ခြင်းခံယူတော်မူရသည့် နိုင်ငံတော် ပရိယတ္တိတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ (D.Litt) နှင့် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်ရ အသင်းနာယက သင်တန်းပြဆရာကြီး ဦးညွန့်စိန်၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရအသင်း အလုပ်အမှုဆောင် ဦးဟန်(သီတဂူ)၊ သီဟသုဓမ္မမဏိဇောတဓဇဘွဲ့တံဆိပ်ရ အသင်း အလုပ်အမှုဆောင် ဦးစိုးသိမ်းတို့အား ဂုဏ်ပြုထောမနာပြုကြသည်။

(ကြေးမုံ)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပုဂံနန်းမြင့်မျှော်စင် **မော်ကွန်းကမ္ပည်းကို နံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ပုဂံနန်းမြင့်မျှော်စင်ကို မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော်၊ Htoo Trading Co., Ltd.**မန်နေဂျင်းဒါရိုက်တာဦးတေဇတို့ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်းမပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များမမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်းမပြုရ။

(ခ) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ဂ) ကျူးလွန်ပါက တည်ဆဲဥပဒေအရထိရောက်စွာအရေးယူမည်။

(ဃ) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

အတာကူးတဲ့ နှစ်ဦးသင်္ကြန် ဖလက်ရှ်ရုပ်ရှင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၁၀

မြန်မာ့ယဉ်ကျေးမှုကို ပိုမိုသိရှိမြတ်နိုးလာစေရန်နှင့် ကွန်ပျူတာနည်းပညာကို လူငယ်များပိုမိုစိတ်ဝင်စားစေရန် ရည်ရွယ်ချက်ဖြင့် Myanmar Media Techno-logycal Network Co., Ltdက ကြီးမှူး၍ The First Myanmar Flash Movie Competition ပြိုင်ပွဲဖြစ်သည့် "အတာကူးတဲ့ နှစ်ဦးသင်္ကြန်" အမည်ရှိ ဖလက်ရှ်ရုပ်ရှင်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁၂ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ လှိုင်မြို့နယ် MICT Park ရှိ Con-ference Hall ၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်များအသင်း MCPA ဝင် ပညာရှင်များပါဝင်သည့် ဆုရွေးချယ်ရေးအဖွဲ့က ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု နှစ်ဆုတို့ကို ရွေးချယ်ပြီး ဆုပေးအပ်ချီးမြှင့်မည် ဖြစ်သည်။ ဆုရရှိသူများက မိမိတို့၏ Flash Movie ကို Presentation လုပ်ပြမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ထွက်ခွာရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်နှင့်အဖွဲ့ဝင်များ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အရ မြို့နယ်မီးသတ် ဦးစီးဌာနမှူး ဦးရဲမင်းထွဋ်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ်တပ်ခွဲမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ ဧပြီ ၁၀ရက်က ၁၆အပိုင်း (၃)ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဇော်နှင့်အဖွဲ့ဝင်များပါဝင်သော အဖွဲ့သည် ရပ်ကွက်တွင်းသို့ မီးဘေးကြိုတင်ကာကွယ်ရေးများလိုက်လံ စစ်ဆေးကြစဉ်။ (၅၀၆)

★ **ပြည်ထောင်စုမှ**

နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန် ၊ အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ မစ္စတာငုယင်ဗင်လမ်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များ၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်လတ်နှင့် ဇနီး ဒေါ်ထွေးထွေးမြ၊ မြန်မာသံရုံးနှင့် စစ်သံရုံး ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေယာဉ်ပေါ်မှ ဆင်းသက်လာသော နိုင်ငံတော်ဝန်ကြီးချုပ်အား မြန်မာအမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

သမ္မတနန်းတော်သို့ ရောက်ရှိ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် ဟနွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးယာဉ်တန်းဖြင့် သမ္မတနန်းတော်သို့ ရောက်ရှိကြရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က လိုက်လံခင်မင်လေးစားစွာ ကြိုဆိုနှုတ်ဆက်သည်။ ထို့ပြင် ဗီယက်နမ် အမျိုးသမီးတစ်ဦးကလည်း နိုင်ငံတော်ဝန်ကြီးချုပ်အား ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ထို့နောက် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့သည် အလေးပြုခံစင်မြင့်တွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် သီချင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော် ဝန်ကြီးချုပ်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများအား နှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်အား မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာလေကုန်ဖုန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ဟနွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၀-၄-၂၀၀၅)

မကွေး

၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

မန္တလေး၊ မြင်းခြံနှင့် အောင်လံ

၄၂ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

တည်ငြိမ်အေးချမ်းရေးနှင့်တစ်မျိုးသားလုံး တစည်းတလုံးတည်းရှိရေး ဦးတည်ဆောင်ရွက်နေ

ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းနေခြင်းအပေါ် မိတ်ဆွေနိုင်ငံများက နားလည်ထောက်ခံမှုအတွက်ကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများသည် အစဉ်အလာရှိသော ဆက်ဆံရေးကိုဖော်ညွှန်း

ဗီယက်နမ်နိုင်ငံအနေဖြင့် အချုပ်အခြာအာဏာပိုင်မှု၊ မစွက်ဖက်မှု၊ ပူးပေါင်းဆောင်ရွက်မှုများကိုလက်ခံကျင့်သုံး

ဗီယက်နမ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး

ရန်ကုန် ဧပြီ ၁၀

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧပြီ ၇ရက် ညနေ ၅နာရီခွဲတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး Mr. Nong Duc Manh အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်နှင့်ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh နှင့်အတူ ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပြည်ပရေးရာဌာန ခေါင်းဆောင် မစ္စတာငုယင်ဗင်ဆန်၊ လက်ထောက်အထွေထွေအတွင်းရေးမှူး မစ္စတာ ဟိုတင်နိ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး လေကုန်ဖုန် နှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်၍ ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr.Nong Duc Manh အား တွေ့ဆုံစဉ်။ (သတင်းစဉ်)

သိသိသာသာတိုးတက်

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ယခုခရီးစဉ် လာရောက်ခြင်းသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် လာရောက်ခြင်းဖြစ်ပါကြောင်း။

ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုအောက်တွင် ပြည်သူများအဆင့်အတန်း မြင့်မားလာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုချီးကျူးပါကြောင်း၊အလားတူပင် မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဘက်ပေါင်းစုံ တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ကိုယ့်အားကိုယ်ကိုး ကြိုးစားအားထုတ်သည့်အတွက် သိသိသာသာတိုးတက်လာပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် တစ်မျိုးသားလုံး တစည်းတလုံးတည်းရှိရေးအတွက် ဦးတည်ဆောင်ရွက်နေပါကြောင်း။

တိုင်းပြည်၏ စီးပွားရေးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နှစ်စဉ် ၈ ဒသမ ၅ ရာခိုင်နှုန်းကျော် တိုးတက်လာခဲ့ပါကြောင်း၊ စီးပွားရေး၊လူမှုရေးတို့တွင် သိသိသာသာ အောင်မြင်နေပါကြောင်း၊ နိုင်ငံရေးအရ ညင်သာစွာအသွင်ကူးပြောင်းရေးကို ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ချမှတ်၍ ပထမအဆင့်အနေဖြင့် အမျိုးသားညီလာခံကို ကျင်းပနေပါကြောင်း၊ ရည်မှန်းချက်မှာ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ ပေါ်ပေါက်ရန်နှင့် တည်ငြိမ်အေးချမ်းပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံပေါ်ထွန်းလာစေရန်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကိုယ့်အားကိုယ်ကိုးကြိုးပမ်းအကောင်အထည်ဖော်နေခြင်းအပေါ် မိတ်ဆွေနိုင်ငံများက နားလည်ထောက်ခံမှုပေး၍ ကျေးဇူးတင်ကြောင်းဖြင့် ပြောကြားသည်။

အစဉ်အလာရှိ

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး Mr. Nong Duc Manh က အဆွေတော်၏ ခရီးစဉ်သည် သံတမန်ဆက်ဆံရေး နှစ်(၃၀)မြောက်နှင့် ကြုံကြိုက်နေပါကြောင်း၊ ယခုကဲ့သို့ အဆင့်မြင့်ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများသည် အစဉ်အလာရှိသော ဆက်ဆံရေးကို ဖော်ညွှန်းပြသရာရောက်ပါကြောင်း၊ မြန်မာနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို နားလည်သဘောပေါက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် အောင်မြင်မှုများရှိနေပြီး တံခါးဖွင့်ဝါဒ ကျင့်သုံးနေခြင်းကို မှတ်သားမိပါကြောင်း၊ ဆက်လက်၍ ပိုမိုကြီးမားသော အောင်မြင်မှုများရရှိပြီး နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်သို့ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် ယုံကြည်စိတ်ချရသော အိမ်နီးချင်းနိုင်ငံဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် နိုင်ငံအချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ ဝင်ရောက်မစွက်ဖက်မှု၊ အပြန်အလှန်အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကိုလက်ခံ ကျင့်သုံးပါကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး တွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဟနွိုင်းမြို့ရှိ ဗီယက်နမ်ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကွန်မြူနစ်ပါတီအထွေထွေ အတွင်းရေးမှူး Mr. Nong Duc Manh အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအကြောင်းပြ ပိတ်ဆို့နေသည့်လုပ်ရပ်များကို မိတ်ဆွေဗီယက်နမ်နိုင်ငံအနေဖြင့် ဆန့်ကျင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များ ဟနွိုင်းမြို့ရှိ အစိုးရ အဖွဲ့ရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

✪ ကျောဖုံးမှ

နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးတင်လတ်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ အစိုးရအဖွဲ့ရုံးဝန်ကြီး မစ္စတာ ဒွန်မန့်ဆောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖန်ကွမ်နို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လေကုန်ဖုန်၊ ကုန်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ဖန်သီရက်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန ဒုတိယဝန်ကြီး မစ္စတာဒက်ခန်တန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်က ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ချစ်ကြည်ရင်းနှီး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် တူညီသော သမိုင်းကြောင်း နောက်ခံများရှိခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှု ခရီးစဉ်များဖြင့် ချစ်ကြည်ရင်းနှီးမှု အစဉ်အလာများရှိခဲ့ပါကြောင်း၊ ယင်းခရီးစဉ်များတွင် နှစ်နိုင်ငံအကြား သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးတိုးမြှင့်ရေးအတွက် ပူးတွဲကုန်သွယ်ရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားပါကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် ၂၀၀၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၀၃ခုနှစ်တွင် သုံးဆနီးပါးခန့် တိုးတက်ခဲ့ပါကြောင်း၊ ၂၀၀၄ခုနှစ်တွင်လည်း ဆက်လက်တိုးတက်နေပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ကြိုဆိုလျက်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ယနေ့ဆွေးနွေးမှုများသည် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုရင်သန်တိုးတက်စေခဲ့သည်ဟု ယုံကြည်ပါကြောင်း၊ ဆက်လက်၍လည်း တိုးတက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

နားလည်သဘောပေါက်

ယင်းနောက်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်က ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေနိုင်ငံဖြစ်သည့်အလျောက် မြန်မာနိုင်ငံတွင် ဖြစ်ပေါ် တိုးတက်မှုများကို မျက်ခြည်မပြတ် လေ့လာလျက်ရှိပါကြောင်း၊ ပြည်တွင်းတည်ငြိမ်မှုနှင့် နိုင်ငံတည်ဆောက်မှုများ၊ မူဝါဒလမ်းစဉ် (၇)ရပ်ကို အကောင်အထည်ဖော်မှု အခြေအနေ၊ အမျိုးသားညီလာခံ ဒုတိယအစည်းအဝေး အောင်မြင်စွာပြီးဆုံးသည်တို့ကို သိရှိရပါကြောင်း၊ ဗီယက်နမ် နိုင်ငံအနေဖြင့် အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများကို ခံစားခဲ့ရသည့်အလျောက် ယခုအခါ မြန်မာနိုင်ငံအပေါ် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ အကြောင်းပြ ပိတ်ဆို့နေသည်ကို နားလည်သဘောပေါက်ပါကြောင်း၊ ယင်းသို့ လုပ်ရပ်များကို မိတ်ဆွေဗီယက်နမ် နိုင်ငံအနေဖြင့် ဆန့်ကျင်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သည့် စုပေါင်းခေါင်းဆောင်မှုအောက်တွင် တည်ငြိမ်အေးချမ်း သာယာဝပြောပြီး လိုလားသည့် ဒီမိုကရေစီလမ်းစဉ်သို့ ရောက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့၏ နိုင်ငံခြားရေး မူဝါဒတွင် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်ဖြစ်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုတွင် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ထောက်ခံအားပေးမှုများကို အစဉ်အမြဲ ကျေးဇူးတင်ရှိနေပါကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးတွင် တိုးတက်မှုများရရှိနေသည်ကို ဆက်လက်မြှင့်တင်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။ (သတင်းစဉ်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပမည့် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၁၀

ဒေါက်တာအေးထွန်း (မျက်စိအထူးကု ဆရာဝန်ကြီး) သည် ကစားဖော်များဖြစ်ကြသော ဦးတင်ထွန်း၊ ဦးလှမြင့်သိန်း (M.D Win Trade Co., Ltd) တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားကြရာ Honma ဘောလုံးကို Ping Iron(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၅ ကိုက်အကွာ အဝေးတွင်ရှိသော အမှတ်(၂) ကျင်းသို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

တာမွေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် နွေရာသီ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဆင်းပွဲကို ဧပြီ ၉ရက်က အသင်းရုံး၌ ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်လှိုင် ထူးချွန်ဆုရရှိသူ မောင်ထက် ဦးဝဏ္ဏအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၁-၄-၂၀၀၅ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။	မြန်မာ့သကြန်
၈:၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၉။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၀။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -The Role of Supervisor
၅:၁၀	၉။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၃၅	၁၀။	မြန်မာ့သကြန်
၅:၄၅	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။	နိုင်ငံတကာသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၃၀)**
၈:၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	မေးမြန်းစုံစမ်း
	၂၀။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူ့ သူရဲကောင်း" (အပိုင်း-၁)**
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

ဂုဏ်ပြု ပန်းစည်း ပေးအပ်

ဧပြီ ၇ရက်က ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာ အမျိုးသမီးငယ်လေးတစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်စဉ်။

(သတင်း–ကျော်ဖုံး)

(သတင်းစဉ်)

☆ စာမျက်နှာ ၃ မှ

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Tran Duc Luong က မြန်မာနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် နယ်မြေချင်း ထိဆက်နေသော နိုင်ငံမဟုတ်သော်လည်း အရင်းနှီးဆုံး အိမ်နီးချင်းနိုင်ငံအဖြစ် မှတ်ယူပါကြောင်း၊ နှစ်နိုင်ငံစလုံး အမျိုးသား ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တူညီခဲ့ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ယုံကြည်ရသော မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူထားပါကြောင်း၊ လက်ရှိဆက်ဆံရေးနှင့် အနာဂတ်ဆက်ဆံရေးတို့ကို ကဏ္ဍသစ်အဖြစ် တိုးမြှင့်ရန် ဆန္ဒရှိပါကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခေါင်းဆောင်သော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည်သူ၊ ပြည်သားများအနေဖြင့် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများတွင် တိုးတက်မှုများ ရရှိခံစားနေရသည်ကို သတိပြုမိပါကြောင်း၊ စီးပွားရေးတွင် တိုးတက်မှုနှုန်း တိုးမြှင့်ရရှိနေသည်ကို သိရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ WTO ဝင်ခွင့်ရရှိရေးအတွက် မြန်မာနိုင်ငံက ထောက်ခံကူညီပေးနေသည်ကို ကျေးဇူးတင်ရှိပါကြောင်း၊ မဲခေါင်မြစ်ရေ သယံဇာတများ အသုံးချရာတွင် မဲခေါင်မြစ်အထက်ပိုင်း နိုင်ငံများအနေဖြင့် အောက်ဘက်နိုင်ငံများ၏အကျိုး မထိခိုက်စေရန်လည်း ဂရုပြုရန် လိုအပ်ပါကြောင်း။

ဒေသတွင်းနှင့် နိုင်ငံတကာအစည်းအဝေးများတွင် မြန်မာနိုင်ငံကို ဗီယက်နမ်နိုင်ငံက ထောက်ခံမှု ပေးခဲ့ပါကြောင်း၊ အထူးသဖြင့် အာဆီယံဝင်ရောက်ရေးနှင့် ယမန်နှစ်က ကျင်းပခဲ့သော အေဆမ်ထိပ်သီးညီလာခံတွင် ဝင်ရောက်နိုင်ရေးတို့ဖြစ်ကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်လျက် ဒီမိုကရေစီ ဖော်ဆောင်နေသည်မှာ အောင်မြင်မှုရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးသည် နိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြင်စလူမြို့ ဒေသဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး
ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရှင်းလင်းမှာကြား

ရန်ကုန် ဧပြီ ၁၀

ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ် ပြင်စလူမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၇ရက် နံနက် ၇နာရီခွဲတွင် ပြင်စလူမြို့ အခြေခံပညာ အထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြင်စလူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ပြင်စလူမြို့ ဒေသဆိုင်ရာ အချက်အလက်များ၊ မြေယာအသုံးချမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ်နှင့် ဒေသတွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းဆိုင်ရာများကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြင်စလူဒေသမှ သဘာဝရေဘေးဒဏ်သင့် အိမ်ထောင်စုဝင်များအတွက် အလှူရှင်၁၁ ဦးတို့က စုစုပေါင်း လှူဒါန်းငွေကျပ် ၁၇၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ် တားဆီးရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က သဘာဝဘေးအန္တရာယ်သင့် အိမ်ထောင်စုဝင်များသို့ ဂျပန်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ပေးပို့ထောက်ပံ့လှူဒါန်းသည့် ဆန်၊ ဆီ၊ ပဲ၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်း ၂၃ မျိုးကို ဒေသခံပြည်သူများအား ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြင်စလူတိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှု စစ်ဆေးကာ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား နှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ရဲတပ်ဖွဲ့စခန်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ညနေ ၅ နာရီတွင် လပွတ္တာမြို့ ရွှေနဒီခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆောင်ရွက်

ရှေးဦးစွာ လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဟန်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာခဲ့ကြပြီး လပွတ္တာမြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ဝါဝါဝင်း အပြည်ပြည်ဆိုင်ရာကုမ္ပဏီ၏ လှူဒါန်းမှုဖြင့် ဆောင်ရွက်နေသည့် မိုးရေလှောင်ကန်အသစ်တူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လပွတ္တာမြို့နေ ပြည်သူများ သောက်သုံးရေ လုံလောက်စွာ ရရှိရေးအတွက် ဝါဝါဝင်း အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီက ၁၀ဧကရှိ ကန်သုံးကန်ကို ပြုပြင်တူးဖော်၍ လည်းကောင်း၊ ၂၆ ဒသမ၅၃ ဧကရှိ ကန်အသစ်ကို တူးဖော်၍ လည်းကောင်း ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပြီးစီးသွားပါက လပွတ္တာတစ်မြို့လုံးအတွက် တစ်နှစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာ ရရှိတော့မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ ညပိုင်းတွင် မြောင်းမြမြို့သို့ ရောက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း လပွတ္တာမြို့နယ် ပြင်စလူမြို့ အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကာယအလှမယ်များ

ဧပြီ ၉ ရက်က ကျင်းပခဲ့သည့် အားကစားဝန်ကြီးဌာန တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားခန်းမ ဖွင့်ပွဲအထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ရွှေတံဆိပ်လေးဆု၊ ငွေတံဆိပ် လေးဆုနှင့် ကြေးတံဆိပ် သုံးဆု ဆွတ်ခူးရရှိသည့် မောင်မြန်မာ မြဦးမောင်လေ့ကျင့်ရေးစခန်းမှ ကာယအလှမယ်များအား အုပ်ချုပ်၊ နည်းပြဆရာဦးမြဦးနှင့်အတူ တွေ့ရစဉ်။

(သတင်းဖော်ပြပြီး) (ကြေးမုံ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်၏ ဖိတ်ကြားချက်အရ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၇ရက် နံနက်ပိုင်းက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၉နာရီ ၁၀မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ နွိုင်ဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။



ခရီးဦးကြိုဆို

ရှေးဦးစွာ မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်လတ်နှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သံတမန်ရေးရာဌာန အကြီးအကဲ Mr. Nguyen Thanh Sam တို့က အထူးလေယာဉ်ပေါ်သို့ တက်ရောက်၍ ခရီးဦးကြိုဆို နှုတ်ဆက်ကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆

အလေးပြုခြင်း ခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့ သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုခရီးစဉ်များဖြင့် ချစ်ကြည်ရင်းနှီးမှုအစဉ်အလာရှိ ဗီယက်နမ်နိုင်ငံမှလုပ်ငန်းရှင်များ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ကြရန် ဖိတ်ခေါ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေါင်းဆောင်သည့် နစပေါင်းခေါင်းဆောင်မှုအောက်တွင် တည်ငြိမ်အေးချမ်းသာယာဝပြောပြီး လိုလားသည့် ဒီမိုကရေစီလမ်းစဉ်သို့ ရောက်မည်ဟုယုံကြည်

ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်

ရန်ကုန် ဧပြီ ၁၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင် ခေါင်းဆောင်သော အဖွဲ့ဝင်များနှင့်အတူ ဧပြီ ၇ရက် နံနက် ၁၀နာရီ မိနစ် ၂၀ တွင် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပသည့် ဟနွိုင်းမြို့ရှိ သမ္မတနန်းတော်မှ အစိုးရအဖွဲ့ရုံးသို့ ရောက်ရှိကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဖန်ဗန်ခိုင်တို့သည် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးမည့် အစည်းအဝေးခန်းမရှေ့၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဖန်ဗန်ခိုင်တို့သည် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။ ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို နံနက် ၁၀နာရီခွဲ တွင် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✪

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၁၀

၁၃၆၆ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျ ထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၃ရက် မဟာသင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၅ရက် မဟာသင်္ကြန်အကြတ်နေ့တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ရက် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့နှင့် ဧပြီ ၁၈ရက်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။ (သတင်းစဉ်)